မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပြာသိုလကွယ်နေ့၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၂၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လမ်း/တံတားလုပ်ငန်းများအတွက် ကတ္တရာများ ဝယ်ယူရန် စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၁ ရက် ညနေ ၆ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သောကတ္တရာ (၈၀/၁၀၀) အမျိုးအစား မက်ထရစ်တန် ၃၀၀၀၀ ဝယ်ယူရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် Swiss Singapore Overseas Enterprises Pte., Ltd. တို့ စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ ရှေ့နေချုပ် ဦးအေးမောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးတင့်ဆွေနှင့် ဦးမြင့်သိန်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ကျော်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ Swiss Singapore Overseas Enterprises Pte., Ltd.မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ■

တိုင်းရင်းသားတို့၏ အားမာန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် မြင့်မားသော တောင်တန်းကြီးများ၊ မြေပြန့်လွင်ပြင်များ၊ သမမျှတသော ရာသီဥတု၊ ကောင်းမွန်သော မြေဆီမြေနှစ်၊ ကျယ်ပြန့်သော ပင်လယ်ပိုင်နက်၊ ရှည်လျားသော ကိုယ်ပိုင်မြစ်ကြီးအသွယ်သွယ်တို့ဖြင့် မြတ်နိုးဖွယ်အတိဖြစ်သည့်အပြင် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတတို့ အထူးကြွယ်ဝသည့် နိုင်ငံတော်ကြီးဖြစ်ပါသည်။ ဤနိုင်ငံတော်ကြီး၏ နေရာဒေသတိုင်းတွင် တိုင်းရင်းသားပေါင်းစုံတို့သည် ရှေးပဝေသဏီကပင် ပျံ့ပျံ့နှံ့နှံ့ ရောနှောနေထိုင်လာခဲ့ကြပါသည်။

အလွန်သာယာဝပြောသော အမိမြန်မာနိုင်ငံတော်ကြီးကို နယ်ချဲ့တို့က စစ်ပွဲသုံးကြိမ်ဖြင့် ကျူးကျော်တိုက်ခိုက် သိမ်းပိုက်ထားခဲ့ကြရာ တိုင်းရင်းသားအားလုံးက ဆတ်ဆတ်ခါ နာကြည်းခဲ့ကြရပါသည်။ သူ့ကျွန်အဖြစ် ဘုရားထူးရသည်အထိ ချိုးနှိမ်ခြင်းခံခဲ့ရသော ဘဝကို ခါးသီးစွာ အတူတကွ တွေ့ကြုံခံစားခဲ့ကြရပြီးနောက် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ ဖက်ဆစ်ဆန့်ကျင်ရေးစိတ်ဓာတ်တို့ဖြင့် ဇာတိမာန် ထက်သန်လှစွာ တွန်းလှန်ခဲ့သော တိုင်းရင်းသားတို့၏ အားမာန်ကြောင့် နယ်ချဲ့တို့သည် မြန်မာ့မြေမှ ဆုတ်ခွာသွားခဲ့ကြရပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ-

တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြင့်ခိုင်မာစေသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)က ရွှေလီတံတား(နမ့်ခမ်း)

➤ သတင်းမှတ်စု – သန်းသန်းနု ➤

နေပြည်တော် ဖေဖော်ဝါရီ ၂

တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာရေးအတွက် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ရေးသည် အဓိကကျလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်း လမ်းတံတားများကို ကွန်ရက်သဖွယ် ဆက်သွယ် ဖောက်လုပ်ပေးလျက်ရှိရာ ယခုအခါ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် လွယ်ကူချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။ သဘာဝအတားအဆီးကြီးများဖြစ်သည့် မြစ်များ၊ ချောင်းများ၊ တောင်တန်းတောင်စွယ်များ မည်သို့ပင် ခြားနားကာဆီးနေစေကာမူ မြစ်ကူးတံတားကြီးများ၊ ရထားလမ်း၊ ကားလမ်းမကြီးများမှတစ်ဆင့် ထိုးဖောက်ဖြတ်ကျော် သွားလာနိုင်ခဲ့ကြပြီဖြစ်သည်။

တိုးတက်စည်ပင်

ထိုသို့ လမ်းပန်းဆက်သွယ်ရေးများ တိုးတက်လာသည့်အလျောက် နယ်စပ်နေ တိုင်းရင်းသားညီအစ်ကိုများအပါအဝင် နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူများ ချစ်ကြည်ရင်းနှီးမှု ပိုမိုလာသည့်အပြင် လူမှုစီးပွားဘဝသည်လည်း တိုးတက်စည်ပင်လာခဲ့ပြီဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ ❐

3-2 (01).pmd 1 2/3/2011, 1:49 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်)

သန့်(၄)သန့်ဖြင့် ကျန်းမာသည့်မိသားစုဘဝတည်ဆောက်

လူတိုင်းသက်တမ်းစေ့နေထိုင်နိုင်ရေးနှင့် ရောဂါဘယကင်းရေးဟူသော ရည်မှန်းချက်များထားရှိပြီး ကျန်းမာရေးဆိုင်ရာနည်းလမ်းများ ဆောင်ရွက်လျက်ရှိရာ၌ ရေသန့်၊ ပတ်ဝန်းကျင်သန့်၊ မိသားစုသန့်၊ အစားအစာသန့်ဟူသော သန့်(၄)သန့်သည် လူတိုင်းပါဝင်ဆောင်ရွက်ရမည့် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများဖြစ်သည်။

ရေကောင်းရေသန့်မရှိခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းမှုမရှိခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုမရှိခြင်းနှင့် အစားအစာသန့်ရှင်းမှုမရှိခြင်းတို့သည် လူများအတွက် ရောဂါထူပြောရုံသာမက အသက်ပင်ဆုံးရှုံးနိုင်သည်။ သန့်ရှင်းမှုမရှိခြင်းကြောင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါများ၊ အသက်ရှူလမ်းကြောင်းတွင် ဖြစ်ပွားသောရောဂါများ၊ ပိုလီယိုအကြောသေရောဂါ၊ အသည်းရောင်အသားဝါရောဂါ၊ ကြက်ငှက်တုပ်ကွေးနှင့် ကမ္ဘာ့လူတုပ်ကွေးကဲ့သို့သော ဗိုင်းရပ်စ်ပိုးများကြောင့် ဖြစ်ပွားသောရောဂါများနှင့် ရင်ဆိုင်ကြုံတွေ့ရနိုင်သည်။

ရေကောင်းရေသန့်သောက်သုံးခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်တည်ဆောက်ခြင်း၊ သန့်ရှင်းသော ယင်လုံအိမ်သာဆောက်လုပ်အသုံးပြုခြင်း၊ လက်ဆေးခြင်းအပါအဝင် တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုစိုက်ခြင်း၊ သန့်ရှင်းသောအသုံးအဆောင်များ စနစ်တကျအသုံးပြုခြင်း၊ သန့်ရှင်းသောအစားအစာများကို စားသုံးခြင်းနှင့် ကျန်းမာရေးနှင့်ညီညွတ်သည့် အမူအကျင့်များကိုကျင့်သုံးပါက ရောဂါကင်းဝေးမည်ဖြစ်သည်။

လူ၏ခန္ဓာကိုယ်တွင် လက်သည် အရာဝတ္ထုအားလုံးနှင့် ထိတွေ့ကိုင်တွယ်နေရသည်ဖြစ်ရာ လက်တွင် ရောဂါပိုးနှင့် အညစ်အကြေးများရှိနေတတ်သည်။ ထို့ကြောင့် လက်ကိုစင်ကြယ်စွာဆေးကြောရန် အရေးကြီးသည်။ လက်တွင်ရောဂါပိုးကပ်ငြိနေပါက လက်ကိုစင်ကြယ်စွာဆေးကြောထားခြင်းမရှိလျှင် ရောဂါပိုးသည် အစားအစာမှတစ်ဆင့်ဝင်ရောက်ပြီး ကူးစက်နိုင်သည်။

လူတိုင်းသည် သက်တမ်းစေ့နေနိုင်ရေးနှင့် ရောဂါဘယကင်းဝေးရေးအတွက် ရေသန့်၊ ပတ်ဝန်းကျင်သန့်၊ မိသားစုသန့်၊ အစားအစာသန့်ရန်လိုအပ်ပြီး တစ်ကိုယ်ရေကျန်းမာသန့်ရှင်းရေးကို အထူးလိုက်နာဆောင်ရွက်ကြပါက သာယာချမ်းမြေ့သည့် ကျန်းမာရေးနှင့်ညီညွတ်သောမိသားစုဘဝကို ရရှိနိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝမ်ကောင်း-ဂျိုးဖြူ ရထားလမ်းဖောက်လုပ်မှု

တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦးသည် ဇန်နဝါရီ ၁၈ ရက် ညနေပိုင်းက ကျိုင်းတုံ-မိုးနဲ ရထားလမ်းစီမံကိန်း ဝမ်ကောင်းဘူတာသို့ရောက်ရှိပြီး ဝမ်ကောင်း-ဂျိုးဖြူရထားလမ်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်း လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ တိုင်းမှူးသည် ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက ကျိုင်းတုံ-လွယ်မွေ-မိုင်းငေါင်း-မိုင်းကိုင် ကားလမ်း လမ်းတံတားများ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုင်းကိုင်မြို့ မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ အလှူငွေနှင့် ချီးမြှင့်ပစ္စည်းများပေးအပ်သည်။

ပေးအပ်

ဆက်လက်၍ မိုင်းကိုင်မြို့ အခြေခံပညာမူလတန်းကျောင်း ပညာသင်ကြားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုင်းငေါင်းကျေးရွာ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားကာ စားသောက်ကုန်များ၊ အားကစားပစ္စည်းများ၊ ရာသီသီးနှံမျိုးစေ့များနှင့် အဝတ်အထည်များ ပေးအပ်သည်။

ယင်းနောက် လွယ်မွေမြို့သန့်ရှင်းသာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပုသိမ်မြို့နယ် အခြေခံပညာကျောင်းများ

ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲကျင်းပ

ပုသိမ် ဖေဖော်ဝါရီ ၂

၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပုသိမ်မြို့နယ် အခြေခံပညာကျောင်းများမှ ထူးချွန်သော ကျောင်းသားကျောင်းသူများအား ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက် ၁၁ နာရီက ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး တိုင်းပညာရေးမှူး ဦးခွန်ကျော်မြင့်၊ လက်ထောက် တိုင်းပညာရေးမှူး (စီမံ) ဦးမင်းနိုင်၊ ပုသိမ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရဝေထွန်း၊ ခရိုင်ပညာရေးမှူး ဦးကျင်သောင်းနှင့် မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဦးကျင်သောင်းက အမှာစကား ပြောကြားပြီး(**အောက်ပုံ**) နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့် ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီး တိုင်းပညာရေးမှူးနှင့် ဆရာ ဆရာမကြီးတို့က ဆုချီးမြှင့်ကြပြီး အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက အကပဒေသာများဖြင့် ပြန်လည်ဖြေဖျော် တင်ဆက်ကပြခဲ့ကြကြောင်းသိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ယာဉ်စည်းကမ်းလိုက်နာရေး ဟောပြောဆွေးနွေး

မင်းဘူး ဖေဖော်ဝါရီ ၂

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေး ကွင်းဆင်းဟောပြောဆွေးနွေးခြင်းကို ဇန်နဝါရီ ၁၈ ရက်က မင်းဘူးမြို့နယ်၌ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (မင်းဘူး)မှ ခရိုင်ဦးစီးမှူး ဒေါ်ခင်သန္တာညွန့်၊ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်စိုးမိုး၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးခင်မောင်သန်း၊ မထသအတွင်းရေးမှူး ဦးမြင့်ဆွေ၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးမှ ယာဉ်ထိန်းရဲတပ်ကြပ်အောင်ကျော်တင်တို့ ပူးပေါင်းအဖွဲ့ ကွင်းဆင်းဆောင်ရွက်ကြသည်။

(အပေါ်ပုံ)

စစ်ဆေးခဲ့

ထိုသို့ဆောင်ရွက်ရာတွင် မင်းဘူးမြို့ ကားကြီးကွင်းအတွင်းရှိ မထသရုံးရှေ့၌ ခရီးသည်တင်အဝေးပြေးဘတ်စ်ယာဉ်ကြီးများ၏ ယာဉ်လိုင်စင်၊ မော်တော်ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ်၊ ယာဉ်မောင်းလိုင်စင်၊ အကူယာဉ်မောင်းလိုင်စင်၊ စပယ်ယာ လိုင်စင်၊ ယာဉ်ကြံ့ခိုင်မှုနှင့် မီးသတ်ဆေးဘူးများ တပ်ဆင်ထားခြင်းများကို စစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (ကညန)

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နိုင်ငံတော်အဆင့် ဆုတံဆိပ်ရပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲကို မတ် ၂၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး အကောက်ခွန်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် ကျောက်ပန်းတောင်း မြို့နယ်သူမြို့နယ်သားများအားလုံး အသင်းဝင်သည်ဖြစ်စေ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ပညာရည်ချွန်ဆုချီးမြှင့်နိုင်ရန်အတွက် ၂၀၁၀ ခုနှစ် အခြေခံပညာအထက်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများသည် အမှတ်စာရင်းမူရင်း၊ မိတ္တူအထောက်အထား ပြည့်စုံစွာဖြင့် ဗိုလ်မှူးကြီးနေဝင်း(ငြိမ်း)ဖုန်း-၅၅၉၄၇၂၊ ဒုတိယဗိုလ်မှူးကြီး မြင့်သိန်း(ငြိမ်း) ဖုန်း-၄၃၀၃၃၅၊ သီဟသုဓမ္မမဏိဇောတဓရ ဦးအေးလွင် ဖုန်း-၆၆၆၄၅၆၊ ဦးမောင်မောင်လှ ဖုန်း-၂၄၀၀၄၇၊ ဦးမြင့်လွင် ဖုန်း-၅၁၀၄၅၂၊ ဦးသန်းထွန်း ဖုန်း-၅၇၁၇၅၆၊ ဦးရဲညွန့် ဖုန်း-၅၄၈၈၃၈၊ ဦးရဲမြ(ကေအမ်ဒီ) ဖုန်း-၂၉၈၂၈၁၊ ဒေါ်ဆွေဆွေညိမ်း ဖုန်း-၅၆၀၈၇၄တို့ထံသို့ အချိန်မီ ဆက်သွယ်စာရင်းပေးကြရန် နှိုးဆော်ထားကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

သံတောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့အဝင်စစ်ဆေးရေးဂိတ်ရှေ့ ယာယီမျောတုတ် မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၆ ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးသီဟမောင်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်လင်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး ကျောက်တန်း၌ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ကျောက်တန်း ဖေဖော်ဝါရီ ၂

ကျောက်တန်းမြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်တောင်ပိုင်းခရိုင် မြေစာရင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထူးက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားသည်။ **(ယာပုံ)**

ရှင်းလင်းပြောကြား

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇေယျက အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်ပြီး အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးစောစံခိုင်က ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁ ရက်မှ ၇ရက် အထိဖြစ်ပြီး ကျောက်တန်းမြို့နယ်နှင့် တံတားမြို့တို့မှ မြေစာရင်းဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

Diploma in Software Engineering သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂

Myanmar Professionals Education Centre က မလေးရှားနိုင်ငံ Cambridge ICT မှ ပေးအပ်သည့် CICT Diploma in Software Engineering သင်တန်းတန်းခွဲသစ်ကို ဖေဖော်ဝါရီ ဒုတိယပတ်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

လေ့ကျင့်သင်ကြား

Computer အခြေခံရှိရုံဖြင့် တက်ရောက်နိုင်မည်ဖြစ်ပြီး သင်တန်းကာလ ကိုးလသာကြာမြင့်မည် ဖြစ်သော အဆိုပါ Diploma သင်တန်းတွင် Software Engineering နှင့်သက်ဆိုင်သော အဓိကဘာသာရပ် ခြောက်ခုနှင့် လက်တွေ့လုပ်ငန်းခွင်အသုံးချ Project တစ်ခုကိုပါ ထည့်သွင်းသင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းတွင် သင်ကြားမှု အတွေ့အကြုံ သာမက လုပ်ငန်းခွင် အတွေ့အကြုံပါရင့်ကျက်သော ဆရာ ဆရာမများက စနစ်တကျ လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။

စနေ၊ တနင်္ဂနွေ တန်းခွဲသစ်ဖွင့်လှစ်ပေးမည်ဖြစ်ပြီး Diploma in Software Engineering သင်တန်းကို တက္ကသိုလ်ဝင်တန်း အောင်မြင်ထားပြီးသူများမှစ၍ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်သည်။

အသေးစိတ်သိရှိလိုပါက Myanmar Professionals Education Centre(MPEC) အခန်း(၈၀၄/B) ဒဂုံစင်တာမြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၇၃၀-၆၆၂၇၈ သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အင်ဂျင်နီယာအသုံးချ ကွန်ပျူတာသင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂

GALLANT သင်တန်းကျောင်းမှ အသိအမှတ်ပြု လုပ်ငန်းခွင်အသုံးချ အင်ဂျင်နီယာဘာသာရပ်နှင့် အင်ဂျင်နီယာပညာရပ် အသုံးချကွန်ပျူတာသင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ လုပ်ငန်းခွင်အသုံးချ အင်ဂျင်နီယာဘာသာရပ်များမှာ နှစ်လမှလေးလအထိသာ ကြာမြင့်ပြီး ကုန်ကျစရိတ်သက်သာသည့် ဘာသာရပ်များဖြစ်သည်။

ဘာသာရပ်များ

လုပ်ငန်းခွင်အသုံးချအင်ဂျင်နီယာ ဘာသာရပ်များမှာ တီဗွီ၊ ဒီဗွီဒီ၊ ဗွီစီဒီနှင့် အသုံးချအီလက်ထရွန်နစ် စက်ပြင်သင်တန်း၊ အိမ်၊ စက်ရုံ၊ ဆောက်လုပ်ရေး (သင်္ဘောကျင်းဝါယာရိန်း)၊ အိမ်၊ ကုမ္ပဏီနှင့် ရုံးသုံးအဲယားကွန်း အခြေခံသင်တန်း၊ အဆင့်မြင့်ကွန်ဒို၊ အရောင်းစင်တာ၊ ဟိုတယ်အသုံးပြု အဲယားကွန်း (Duct Line)၊ စက်ရုံသုံး မော်တာထိန်းချုပ်မောင်းနှင်သင်တန်း၊ ဂဟေဆက်သင်တန်း (3G, 4G & Low Levy)၊ ပိုက်ပြင်၊ ပိုက်ဆက်သင်တန်း၊ Mechanical & Electrical Competency (M&E) Computerized Numerical Control (CNC) သင်တန်းများဖြစ်ပြီး အင်ဂျင်နီယာပညာရပ် အသုံးချကွန်ပျူတာသင်တန်းများမှာ Auto-CAD (Basic) , Auto-CAD (M&E), Programmable Logic Control (PLC, Microcontroller Course (or) (PIC) ဘာသာရပ်များဖြစ်သည်။

အင်ဂျင်နီယာနှင့် အင်ဂျင်နီယာ ပညာရပ်အသုံးချကွန်ပျူတာသင်တန်းများကို အခြေခံပညာအထက်တန်းရှိသူများ၊ ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ရရှိပြီးသူများ တက်ရောက်နိုင်သကဲ့သို့ အင်ဂျင်နီယာ ဘွဲ့၊ ဒီပလိုမာရရှိထားပြီးသူများအား လက်တွေ့ကျွမ်းကျင်မှု ဦးစားပေးတက်ရောက်လိုသူများ တက်ရောက်နိုင်သည်။

ဆက်သွယ်နိုင်

သင်တန်းပြီးဆုံးအောင်တက်ရောက်ပါကGALLANT သင်တန်းကျောင်း အသိအမှတ်ပြု Certificate ချီးမြှင့်ပေးမည်ဖြစ်သည်။ GALLANT သင်တန်းကျောင်းက အထူးဝန်ဆောင်မှုအဖြစ် သင်တန်းပြီးဆုံးပါက ပြည်တွင်းအလုပ်အကိုင်ကို ပြည်တွင်းစက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီများသို့ တိုက်ရိုက် အလုပ်လျှောက်ထားပေးခြင်းအပြင် ပြည်ပအလုပ်အကိုင်လျှောက်ထားလိုသူများအား မိမိတို့၏ ပညာအခြေခံအလိုက် ဘာသာရပ်ရွေးချယ်ပေးခြင်း၊ မိမိ၏ Professional လိုင်းပြင်ဆင်ပေးခြင်းတို့ကို စီစဉ်ပေးလျက်ရှိကြောင်း၊ လစဉ်တန်းခွဲသစ်များဖွင့်လှစ်လျက်ရှိရာ အမှတ်၅ဘီ-၅ (လေးလွှာ)ဦးထွန်းလင်းခြံလမ်း လှည်းတန်းကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၇၃၀-၃၂၆၇၀၊ ၅၃၉၄၀၃ နှင့် ၀၉-၅၁၂၈၀၂၆ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂

ဒုတိယကမ္ဘာစစ်အတွင်းက မပေါက်ကွဲခဲ့သည့် ဗုံးတစ်လုံး သန်လျင်မြို့နယ်တွင်တွေ့ရှိ သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၆၄)ကို ဖြန့်ချိလိုက်သည်။

ဂျပန်နိုင်ငံမှ မြန်မာသင်္ဘောသား ၃၀၀၀ခေါ်ယူရန် ကမ်းလှမ်း၊ ဇန်နဝါရီ၃၁ ရက်တွင် ငါးသိန်းတန် GSM ဖုန်းများ စတင်ရောင်းချ၊ မြန်မာနိုင်ငံတွင် ပြည်ပကုမ္ပဏီကြီးတစ်ခုက ရေနံတွင်းဟောင်းအချို့ကို ပြန်လည်တူးဖော်ထုတ်လုပ်လျက်ရှိ၊ခင်မောင်ညို(ဘောဂဗေဒ)၏ စီးပွားရေးလုပ်ငန်းများက စီးပွားရေးအဆောက်အအုံကို ဒုက္ခပေးခြင်း၊ တန်ချိန် ၉၀၀၀ ကျော်တင်ဆောင်နိုင်သည့် ကုန်သေတ္တာတင်သင်္ဘောကြီး မြန်မာနိုင်ငံသို့ စတင်ပြေးဆွဲမည်၊ ကုန်တင်ကုန်ချလုပ်သားများ ဝင်ငွေကောင်းနေသည့် သီရိမင်္ဂလာဈေးသစ်ကြီး၊ ကမ္ဘော့ဇ F.C ဘောလုံးအသင်းသားများအား ကစားသမားထိခိုက်မှုအာမခံထားရှိ၊ CDMA 800MHz အင်တာနက်တပ်ဆင်ရန် မည်သူ့ကိုမှ လာဘ်ပေးရန်မလို၊ တော်ဝင်မိသားစုကုမ္ပဏီမှ အရစ်ကျငွေပေးချေစနစ်ဖြင့် တိုက်ခန်းပေါင်း ၁၀၀၀ ကျော်အား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးမည်၊ စားသောက်ကုန်လုပ်ငန်းနှင့် ပတ်သက်၍ စစ်ဆေးပေးမည့် ဓာတ်ခွဲခန်းသစ် UMFCCI တွင် ဖွင့်လှစ်၊ ပြင်သစ်နိုင်ငံပိုင် Total ကုမ္ပဏီသည် ဒေသခံများ၏ အကျိုးကိုလုပ်ဆောင်နိုင်ခဲ့ဟုဆို၊ ဘရာဇီးနိုင်ငံတွင် ကျင်းပသည့် စာမဲ့ကာတွန်းပြိုင်ပွဲတွင် ပထမဆုကို မြန်မာကာတွန်းဆရာမတစ်ဦးရရှိ၊ အစ္စရေး ဟစ်ဇ်ဘိုလာစစ်ပွဲ ရှောင်လွှဲနိုင်မည်မဟုတ်ဟုဆို၊ အာရပ် ငါးနိုင်ငံ တူနီးရှားလမ်းစဉ် လိုက်ကြမည်လောစသည့် နောက်ဆုံးရပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။ **(သတင်းစဉ်)**

ဇန်နဝါရီ၂၀ရက်က ကျင်းပသော လှိုင်သာယာမြို့နယ် အမှတ်(၃၈) အခြေခံပညာအလယ်တန်းကျောင်းခွဲ၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုမြင့်က ဒုတိယတန်းတွင် ပထမဆုရရှိသော မအိန္ဒြေချမ်းမြေ့အား ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ရွှေဘို အလက(၂)အာစရိယပူဇော်ပွဲကျင်းပမည်

ရွှေဘို ဖေဖော်ဝါရီ ၂

အလက(၂) ရွှေဘိုတွင် ၁၉၃၉ မှ ၂၀၁၀ ခုနှစ်အထိ စာပေသင်ကြားပို့ချခဲ့ဖူးသော သက်ပြည့်အငြိမ်းစား ဆရာဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ၁၂ရက် (ပြည်ထောင်စုနေ့) နံနက်၉နာရီတွင် အဆိုပါကျောင်း ပါရမီဆောင်၌ ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေတက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးကျော်တင် ဖုန်း-၀၇၅-၂၁၂၈၈၊ ဦးကျော်ဇော ဖုန်း-၀၇၅-၂၂၂၆၁၊ ဒေါ်တင်မြင့် ဖုန်း-၀၉-၄၇၀၆၁၈၅၄၊ ဒေါ်နွယ်နွယ်မြင့် ဖုန်း-၀၉-၂၁၀၀၄၀၀နှင့် ဒေါ်စိန်စိန်ငွေ ဖုန်း-၀၉-၂၁၀၀၇၆၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ ***(မြန်မာ့အလင်း)***

နမ့်ခမ်းမြို့နယ် အနော်ရထာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်း ဇန်နဝါရီ ၃ရက်က ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးစိုင်းကျော်ဟန်ထူး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၂-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **အိပ်မက်ပမာ ဝိညာဏက္ခန္ဓာ အကြောင်းရှင်းပြပုံ ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိဖြုတ်** တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
- ၆:၃၅ ပတ္တမြားမြေပေါ်မှ သိင်္ဂါရောင်မြင်ကွင်းများ
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၃)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၂၀)
- ၈:၃၅ လပြည့်ဝန်းသို့ တမ်းချင်းည Live Show (Part-4)
- ၉:၁၀ Activities in the City ["ပ"သုံးလုံး ဝိပဿနာအဖွဲ့ချုပ်၏ ရဟန်းတော်များ (ဆရာဖြစ်) သင်တန်းဆင်းပွဲ]
- ၉:၂၀ UPC ရဲ့ စေတနာ ဖိုးချစ်နဲ့ ဖျော်ဖြေမှာ
- ၉:၃၅ Science For All (လျှပ်စစ်အန္တရာယ် ကင်းဝေးကြစေဖို့) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
- ၁၀:၀၅ တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ (မြန်မာ့ရေထွက်ကုန်ပစ္စည်း ဈေးရောင်းပွဲတော်)
- ၁၀:၂၅ Activities in the City (Ptt Lubricants ၏ Dealer ဆိုင်ကြီးများအား ကျေးဇူးတင်ဂုဏ်ပြုပွဲအခမ်းအနား)
- ၁၀:၄၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁:၁၀ ၁၉၈၃-၁၉၉၃ ပညာသင်နှစ် ဆေးတက္ကသိုလ်(၁) ရန်ကုန် ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲ
- ၁၁:၂၅ ရန်ကုန်မြင်ကွင်းကျယ် (ပါမောက္ခခင်မောင်ဝင်း၏မွေးနေ့ မိခင်ကြီးဒေါ်ခင်ခင် အမှတ်တရ စာပေဟောပြောပွဲ ပထမအကြိမ်နှင့် သက်ကြီးရွယ်အို စာရေးဆရာများ ဆေးကုသရန်ပံ့ငွေထူထောင်ပွဲ)
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၁၀ မဟာသဒ္ဓမ္မဇောတိကဓဇ (ဘဒ္ဒန္တသူရိယ)၏ ဝိဇာတမင်္ဂလာနှင့် ပရဟိတ ရှင်ပြုအလှူတော်မင်္ဂလာ
- ၁၂:၂၅ ရန်ကုန်မြင်ကွင်းကျယ် (My Dream Home Interior Design & Deco' Fair 2011)
- ၁၂:၃၅ မဟာသဒ္ဓမ္မရံသီရွှေစေတီတော် မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆီမီးကိုးထောင် ပန်းကိုးထောင် လှူဒါန်းပွဲ
- ၁၂:၄၅ Activities in the City (Myanmar Big Shops Shopping Centre ဖွင့်ပွဲ)
- ၁:၀၀ **အိပ်မက်ပမာ ဝိညာဏက္ခန္ဓာ အကြောင်းရှင်းပြပုံ ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိဖြုတ်** တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
- ၁:၄၅ အံ့ဖွယ်ထူးခြား ကလောမဟာမုနိ ဆုတောင်းပြည့်နီးဘုရား
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃:၁၀ ကြည်လင်တောက်ပြောင်မှုနှင့် ထပ်တူ
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၃)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၂၀)
- ၄:၅၀ ရတနာချစ်သူများအတွက်.... New Star
- ၅:၀၀ ဓာတ်ပုံထဲမှ အမှတ်တရများ (အကယ်ဒမီများရှင် ဝါဝါဝင်းရွှေ၏ ဓာတ်ပုံထဲမှ အမှတ်တရများ) (အပိုင်း-၂)
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ကြည်လင်သောရေ၏ လျှို့ဝှက်ချက်
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၄)
- ၇:၂၀ လပြည့်ဝန်းသို့ တမ်းချင်းည Live Show (Part-5)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း **(ငွေနောက်လိုက်တာကောင်းတယ်၊ ငွေနောက်မလိုက်တာကောင်းတယ်)**
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၂၁)
- ၁၀:၁၀ **အားကစားမြင်ကွင်းစုံ** လူမင်း၊ ဖြိုးငွေစိုး၊ ဝေမင်းမောင်
- ၁၀:၄၀ ဂါရဝဖြင့် ဦးညွှတ်ချီ ဆရာများ၏ ကျေးဇူးဂုဏ်ရည် [အထက(၂) သာကေတ မြတ်ဆရာပူဇော်ပွဲ]
- ၁၀:၅၅ အနုပညာမိုးကောင်းကင်
- ၁၁:၁၅ ယွန်းဆိုသည်မှာ..... (အပိုင်း-၁)
- ၁၁:၃၅ ဂီတသရုပ်ပြခန်း (စောသက်ရဲ့ စိတ်နဲ့အနီးဆုံး)
- ၁၁:၅၀ သီးနှံစိုက်ပျိုး အထွက်တိုး **စပါးပေါင်းပင်**
- ၁၁:၅၅ **နတ်လူသာစုခေါ်စေသောဝ်** ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးဇော (ဒါရိုက်တာ-သော်ကိုကိုကျော်)
- ၁၂:၂၀ သင်ယူလေ့လာ ဂီတပညာ (Part-8) (Pedal အသုံးပြုပုံ)
- ၁၂:၂၅ စားချင်စဖွယ် ဒေသထုတ် ဇလွန်ချင်းသုပ်
- ၁၂:၃၅ ပြင်ဦးလွင်မြို့မှ ပြင်ဦးလွင် စတားဆွယ်တာလုပ်ငန်း
- ၁၂:၅၀ အောင်မြင်သူတို့ဘဝ (ကျော်ကြားသူတို့၏ အလွဲများ)
- ၁:၁၅ ကော့ကရိတ်မြို့မှ စက္ကူဒါနအောင်ပွဲ
- ၁:၃၅ နပျိုလန်းဆန်း ကျန်းမာဖို့ SG 2000 Ultrasonic Bubble Massage Bath
- ၂:၀၀ ဈေးဝယ်လမ်းညွှန် (Than Lwin Homemart)
- ၂:၃၀ အံ့ဖွယ်လေ့လာ အသံတုပညာ (အသံတုရဲမြင့်လေး)
- ၂:၅၀ မြန်မာ့ရွှေချည်ထိုးပညာ
- ၃:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၅ စနစ်တကျစိုက်ပျိုး သစ်ခွအမျိုးမျိုး
- ၄:၂၀ ငြိမ့်ညောင်းသာယာ ရှမဝ မြန်မာ့ဂီတ မြန်မာ့အက
- ၄:၃၀ ညောင်ဇင်ရွာ တစ်ထောက်နား စားဖွယ်ကများ
- ၄:၄၅ စိန်ဘုရားများ သီတင်းသုံးရာ
- ၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အီရတ်–အာဖဂန် ထူးထူးခြားခြားသတင်းများ

အီရတ်–အာဖဂန် ထူးထူးခြားခြားသတင်းများ အီရတ်–အာဖဂန် ထူးထူးခြားခြားသတင်းများ

အာဖဂန်အရပ်သားများ သေဆုံးမှု ကိုးနှစ်အတွင်း အမြင့်ဆုံးစံချိန်တင်

ကဘူးလ် ဖေဖော်ဝါရီ ၂

ပြီးခဲ့သည့်နှစ်က အာဖဂန်နစ္စတန်နိုင်ငံအတွင်း အရပ်သားများ သေဆုံးမှုသည် စံချိန်တင်မြင့်မားခဲ့ကြောင်း အာဖဂန်လူ့အခွင့်အရေးအဖွဲ့၏ အစီရင်ခံစာကို ဖေဖော်ဝါရီ ၁ ရက်က အင်တာနက်တွင် ဖော်ပြသည်။

၂၀၁၀ ခုနှစ်တွင် အာဖဂန်အရပ်သား ၂၄၂၁ ဦးသေဆုံးခဲ့ရာ အများစုမှာ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့်ဖြစ်ကြောင်း ကဘူးလ်မြို့အခြေစိုက် လူ့အခွင့်အရေးအစီရင်ခံစာတွင် ဖော်ပြထားသည်။ သေဆုံးသူအားလုံး၏ ငါးပုံတစ်ပုံမျှသာ နိုင်ငံခြားတပ်များ တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း အစီရင်ခံစာ၌ ဆက်လက်ဖော်ပြသည်။ (ယာပုံ)

အာဖဂန်နစ္စတန် ပဋိပက္ခများအတွင်း ၃၈၀၃ ဦး ဒဏ်ရာရခဲ့ကြောင်း စာစောင်ပိုင်းက ကုလသမဂ္ဂ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ်က အာဖဂန်နစ္စတန်နိုင်ငံအတွင်း အရပ်သားများ သေဆုံးမှု တစ်နေ့လျှင် ခုနစ်ဦးနှုန်းရှိရာ စစ်ဖြစ်ပွားသည့် ကိုးနှစ်တာကာလအတွင်း အများဆုံးသေဆုံးသည့် နှစ်ဖြစ်ကြောင်း အာဖဂန်လူ့အခွင့်အရေးအဖွဲ့က ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အီရတ်၌ အိုးအိမ်စွန့်ခွာသူ ၁ ဒသမ ၆ သန်းရှိ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂

၂၀၀၃ ခုနှစ် မတ်လက အမေရိကန်ဦးဆောင်သည့် နိုင်ငံစုံတပ်များ အီရတ်ကို ကျူးကျော်ဝင်ရောက်ပြီးနောက် အီရတ်အရပ်သူ အရပ်သားများ သေကျေ၊ ဒဏ်ရာရမှုများနှင့်တကွ အိုးအိမ်စွန့်ခွာ ထွက်ပြေးရသည့် ဒုက္ခများနှင့် ရင်ဆိုင်ခဲ့ကြရသည်။

အထူးသဖြင့် ၂၀၀၅ခုနှစ်နောက်ပိုင်း အုပ်စုချင်း အကြမ်းဖက်မှုများကြောင့် အီရတ်မိသားစုများမှာ နေအိမ်မှ စွန့်ခွာပြီး ထွက်ပြေးတိမ်းရှောင်ကြရသည်ကို နိုင်ငံတကာ ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာအဖွဲ့၏ အစီရင်ခံစာတွင် ၂၀၀၆မှ ၂၀၁၀ ခုနှစ်အတွင်း ၁ ဒသမ ၆ သန်းရှိသည် ဟု ဖော်ပြထားသည်။

(အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်
အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဖေဖော်ဝါရီ ၂ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ **၇၀၄၈၉၅** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၁၂၇၆၁၄၀** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၄၈၉၅ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၆၁၄၀ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်
အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဖေဖော်ဝါရီ ၂

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဖေဖော်ဝါရီ ၂ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ **၃၃၆၁၇**ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၄၀၈၇၄**ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၆၁၇ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၄၀၈၇၄ ဦး

(အင်တာနက်)

ဘဂ္ဂဒက်တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား၊ တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်တွင် ဇန်နဝါရီ ၃၁ ရက်က သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီး တစ်ဦးသေဆုံးသွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်နက်ကိုင်များသည် ဆိုင်လင်ဆာ (အသံတိတ်ကိရိယာ) တပ်ဆင်ထားသည့် သေနတ်များအသုံးပြုခဲ့ပြီး အီရတ်လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ မော်တော်ယာဉ်တစ်စီးကို ပစ်ခတ်ခဲ့ရာ အင်ဂျင်နီယာတစ်ဦးဖြစ်သူ မာလစ်ခ် အာဘာဒူလ်ဟူစိန်ဆိုသူ ထိမှန်သေဆုံးခဲ့ကြောင်း၊ ဘဂ္ဂဒက်ရှိ အမြန်လမ်းတစ်လမ်းပေါ် ကားမောင်းလာစဉ်၌ ပစ်သတ်ခံခဲ့ရခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဆင်ဟွာသတင်းသို့ ပြောကြားခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အာဖဂန်၌ ဂျာမနီတပ်ဖွဲ့ဝင်များ နောက်တစ်နှစ်ဆက်ရှိမည်

ဘာလင် ဖေဖော်ဝါရီ ၂

အာဖဂန်နစ္စတန်၌ ဂျာမနီတပ်ဖွဲ့ဝင်များကို နောက်တစ်နှစ် သက်တမ်းတိုးဖြန့်ကြက်ရန် ဂျာမနီပါလီမန်က မဲခွဲအတည်ပြုလိုက်သည်ဟု ဖေဖော်ဝါရီ ၁ ရက်ကအင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

ဆုံးဖြတ်ခဲ့

နိုင်ငံတကာငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်) လက်အောက်မှ အာဖဂန်နစ္စတန်နိုင်ငံသို့ သွားရောက်အမှုထမ်းနေသည့် ဂျာမနီတပ်ဖွဲ့ဝင်ဦးရေမှာ လောလောဆယ် ၄၈၆၀ ရှိသည်။ အာဖဂန်နစ္စတန်နိုင်ငံ၌ ဂျာမနီတပ်ဖွဲ့ဝင်များ ၂၀၁၂ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ဆက်လက်ထားရှိမည်ဟု ပါလီမန်က ဆုံးဖြတ်ခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရသဘာဝဘေးအန္တရာယ်သတင်းများ

မိုးမြင့်လင်းလက် – စုစည်းသည်

ဂျပန်တောင်ပိုင်းမှ မီးတောင် ခြောက်ကြိမ်မြောက် ပေါက်ကွဲ

တိုကျို ဖေဖော်ဝါရီ ၂

ဂျပန်နိုင်ငံတောင်ပိုင်းတွင် ဇန်နဝါရီ ၃၁ ရက်က စပြီး မီးတောင် ပေါက်ကွဲခဲ့ရာ ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက ခြောက်ကြိမ်မြောက်အဖြစ် ပေါက်ကွဲခဲ့ကြောင်း၊ ယင်းမီးတောင်မှာ ကာဂိုရှီးမားနှင့် မီယာဇာကီ စီရင်စုများအကြား ကီရီရှီးမား မီးတောင်အုပ်စု၏ ရှင်မိုးတောင်ထိပ်ဝန်းကျင်၌ ပေါက်ကွဲခဲ့ကြောင်း၊ မီးခိုးပြာများ အမြင့်မီတာ ၂၀၀၀ အထိ မှုတ်ထုတ်လျက်ရှိကြောင်း ဂျပန်မိုးလေဝသဌာနက ကြေညာသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ချီကာဂို၌ ဆီးနှင်းများ လက်မ ၂၀ အထိကျဆင်း

ချီကာဂို ဖေဖော်ဝါရီ ၂

အမေရိကန်နိုင်ငံ ချီကာဂိုမြို့တွင် ဆီးနှင်းများထူထပ်စွာကျဆင်းခဲ့ကြောင်း၊ ဆီးနှင်းထုမှာ လက်မ ၂၀ အထိ မြင့်တက်ခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၁ ရက်က ယင်းဆီးနှင်းများကျဆင်းမှုကြောင့် လေကြောင်းခရီးစဉ် ၁၃၀၀ လည်း ဖျက်သိမ်းခဲ့ရကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။ (အပေါ်ပုံ)

ဆီးနှင်းမှာ ဖေဖော်ဝါရီ ၁ ရက် ညနေ ၃ နာရီမှ စတင်ကျခဲ့ပြီး တစ်နာရီလျှင် ဆီးနှင်းထုတစ်လက်မမှ နှစ်လက်မနှုန်းအထိ ကျဆင်းခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၁ ရက် ည ၉ နာရီနှင့် ဖေဖော်ဝါရီ ၂ ရက် နံနက် ၅ နာရီအတွင်း အဆိုးရွားဆုံးကျခဲ့ပြီး တစ်နာရီ သုံးလက်မမှ လေးလက်မအထိ ဆီးနှင်းများ ကျဆင်းခဲ့ကြောင်း မြို့တော်ဝန်ဒါလေက ပြောကြားသည်။ (အင်တာနက်)

ယူနန်ပြည်နယ်၌ အားပြင်းငလျင်လှုပ် အိမ် ၆၇၈ လုံးပျက်စီး

ကူမင်း ဖေဖော်ဝါရီ ၂

တရုတ်နိုင်ငံ ယူနန်ပြည်နယ် အနောက်တောင်ပိုင်းတွင် ဖေဖော်ဝါရီ ၂ ရက်က ရစ်ချ်တာစကေး ၄ ဒသမ ၈ ရှိ ငလျင်လှုပ်ခဲ့ရာ နေအိမ် ၆၇၈ လုံးပျက်စီးပြီး ဒေသခံပြည်သူ ၈၀၆၀၀ ငလျင်ဒဏ်ကြုံတွေ့ခဲ့သည်။

အဆိုပါငလျင်သည် ယူနန်ပြည်နယ် ယန်ကျန်းစီရင်စုရှိ မြေအောက် အနက် ၁၀ ကီလိုမီတာ၌ ဗဟိုပြုလှုပ်ခဲ့ခြင်းဖြစ်ရာ ဒေသခံ ၆၄၅၀၀ ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ဒေသအာဏာပိုင်များက ငလျင်ဒဏ်ခံရသော ဒေသခံများအား အကူအညီများ ထောက်ပံ့ဖြည့်ဆည်းပေးလျက်ရှိပြီး ကယ်ဆယ်ရေးနှင့် ရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဖိလစ်ပိုင်၌ ရွာ ၃၄၇ ရွာ ရေဘေးဒုက္ခကြုံတွေ့နေ

မနီလာ ဖေဖော်ဝါရီ ၂

ဖိလစ်ပိုင်နိုင်ငံ ပြည်နယ်အချို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုနှင့် မြေပြိုမှုများဖြစ်ပွားလျက်ရှိရာ ရွာပေါင်း ၃၄၇ ရွာမှ နေအိမ်အများအပြားရေလွှမ်းခံရပြီး တစ်ဦးသေဆုံးကာ ငါးဦးပျောက်ဆုံးလျက်ရှိကြောင်း ဖိလစ်ပိုင်အရာရှိများက ဖေဖော်ဝါရီ ၂ ရက်၌ သတင်းထုတ်ပြန်သည်။ (အောက်ပုံ)

ရေလွှမ်းခံရသည့်ပြည်နယ်များမှာ အက်ဂူဆန်ဒဲလ်နော်တီပြည်နယ်၊ ဆူရီဂါအိုဒဲလ်နော်တီပြည်နယ်တို့တွင်ဖြစ်ပြီး မက်ဘာတီပြည်နယ်တွင်လည်း ရေလွှမ်းမှုကြောင့် ငါးဦးပျောက်ဆုံးလျက်ရှိသည်။ ထို့အတူ ဗီဆာယက်စ်နှင့် မင်ဒါနာရိုဒေသများတွင် မြေပြိုမှုကြောင့် တစ်ဦးသေဆုံးကာ နေအိမ်အချို့ ပျက်စီးခဲ့သည်။ ယခုအခါကျေးရွာပေါင်း ၃၄၇ ရွာမှ ပြည်သူ ၂၃၉၃၉၅ ဦးမှာ ရေဘေးနှင့် မြေပြိုမှုဘေးအန္တရာယ်တို့နှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

(အင်တာနက်)

❒ *ရှေ့ဖုံးမှ*

နိုင်ငံတစ်ဝန်းတည်ဆောက်ပေးခဲ့သော လမ်းတံတားများအနက် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်ရှိ ရွှေလီတံတား (နမ့်ခမ်း) သည်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အထောက်အကူပြုလျက်ရှိနေပြီဖြစ်သည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် မန္တလေး-လားရှိုး-မူဆယ်-နမ့်ခမ်း-ဗန်းမော်လမ်း မိုင်တိုင်အမှတ် (၁၀၆/၆)ရှိ ရွှေလီမြစ်ကူး၊ ရွှေလီတံတား(နမ့်ခမ်း)ကို ၂၀၀၉ခုနှစ် ဧပြီလ ၂၇ ရက်နေ့က ဖွင့်လှစ်ခဲ့ရာ မန္တလေး-လားရှိုး-နမ့်ခမ်း-ဗန်းမော်လမ်း ကွန်ရက်၌ လမ်းပန်း ဆက်သွယ်မှု ပိုမိုချောမွေ့လာခဲ့ရသည်။

ပြန်လည်တည်ဆောက်

မူလက ယင်းတံတားသည် ၁၉၄၅ခုနှစ်က တည်ဆောက်ခဲ့သော ကြိုးတံတားဖြစ်သည်။ တံတားသည် နှစ်ပေါင်း ကြာပြီဖြစ်ပြီး ခံနိုင်ဝန်အား လျော့နည်းကျဆင်းခဲ့၍ ဒေသခံတိုင်းရင်းသားများ အကျိုးမျှော်ကိုး၍ နိုင်ငံတော်အစိုးရက တံတားအသစ်တစ်စင်း ပြန်လည်တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

ရွှေလီမြစ်ကူးတံတား(နမ့်ခမ်း) အသစ်ပြန်လည် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သဖြင့် ဒေသခံတိုင်းရင်းသားညီအစ်ကိုမောင်နှမများ ချစ်ကြည်ရင်းနှီးမှုများ တိုးတက်ခဲ့ရသည်။ ဒေသ၏ထွက်ကုန်များ လွယ်ကူချောမွေ့စွာနှင့် လျင်မြန်စွာသယ်ယူပို့ဆောင်နိုင်ခဲ့သည်။ ကုန်စည်ကူးသန်းမှုလျင်မြန်တိုးတက်လာသည့်အလျောက် ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများသည် တိုးတက်လာခဲ့ရသည်။

အဆိုပါတံတားကို မြန်မာအင်ဂျင်နီယာများ၊ ကျွမ်းကျင်ပညာရှင်များ၏ အတတ်ပညာအတွေ့အကြုံပေါ်အခြေခံပြီး တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တံတားကို ပေ ၁၈၀အထက် ၂၂၂စင်းမြောက်အဖြစ် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။ တံတားအမျိုးအစားသည် အပေါ်ထည် သံကူကွန်ကရစ် ဘေလီကြိုးတံတားဖြစ်ပြီး အောက်ထည်သံကူကွန်ကရစ်နှင့် အုတ်မြစ်ကို သံကူကွန်ကရစ်လွန်တူးပိုင်အဖြစ် တည်ဆောက်ခဲ့သည်။ တံတားပေအရှည် ၆၀၀ ရှိပြီး ယာဉ်သွားလမ်း အကျယ် ၂၄ ပေရှိသည်။ ယာဉ်တစ်စီးခွင့်ပြုအလေးချိန်သည် ၃၆တန် ဖြစ်သည်။

နယ်စပ်ဒေသများ လမ်းပန်းဆက်သွယ်ရေး တိုးတက်လာသည့်အလျောက် ပြည်ထောင်စုအတွင်း တိုင်းရင်းသားညီအစ်ကိုမောင်နှမတို့၏ ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုတို့သည် ယခင်ကာလများကထက် တိုးတက်ခိုင်မာလာခဲ့ပြီဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနဦးစီးဌာနမှ ဘုရင့်နောင်မင်းတရားကြီး ဘဝအတွေးအခေါ် ယုံကြည်ချက်နှင့် ဆောင်ရွက်ချက်များ စာအုပ်ထုတ်ဝေဖြန့်ချိ

နေပြည်တော် ဖေဖော်ဝါရီ ၂

ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာနသည် သုတေသနပြု၍ ရေးသားပြုစုထားသော စာအုပ်များကို စဉ်ဆက်မပြတ် ထုတ်ဝေလျက်ရှိရာ ယခု မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှရေးသားပြုစုသည့် "ဘုရင့်နောင်မင်းတရားကြီး ဘဝအတွေးအခေါ် ယုံကြည်ချက်နှင့် ဆောင်ရွက်ချက်များ" စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ ယခုစာအုပ်တွင် မြန်မာနိုင်ငံ၌ စံတင်ထိုက်သည့် ဟံသာဝတီဆင်ဖြူရှင် မင်းတရား (ဘုရင့်နောင်ကျော်ထင်နော်ရထာ)၏ နိုင်ငံတော်ကို စည်းရုံးတည်ထောင်ခဲ့ပုံများ၊ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကို ထွန်းလင်းအောင် ဆောင်ရွက်ခြင်းများ အပါအဝင် ရဟန်းပညာရှိ၊ လူပညာရှိ၊ စစ်သူကြီးများ၊ သူရဲ သူကြွယ်များကို ပြုစုပျိုးထောင်ပေးခြင်း၊ နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ငွေကြေးစနစ်များ စနစ်တကျဖြစ်အောင် ဆောင်ရွက်ခဲ့ပုံများကိုထင်ရှားပေါ်လွင်အောင် တင်ပြထားသည်ကို တွေ့ရသည်။

စာအုပ်ကောင်းတစ်အုပ်

သမိုင်းသုတေသနဦးစီးဌာနမှ ထုတ်ဝေသည့် စာအုပ်များနှင့် မြန်မာသမိုင်း သုတေသနစာစောင်များသည် သမိုင်းလေ့လာသူ၊ သမိုင်းပညာရပ်ကို ဝါသနာထုံသူ၊ သမိုင်းပညာဖြင့် မကင်းနိုင်သူများ၊ သမိုင်းဘာသာရပ်ကို သင်ကြားပို့ချပေးနေသော ဆရာ ဆရာမများနှင့် သမိုင်းဘာသာရပ်တွင် သမိုင်းဘွဲ့ယူရန် ကြိုးပမ်းနေကြသော သမိုင်းကျောင်းသား ကျောင်းသူများအတွက်လည်းမရှိလျှင်မဖြစ် လက်ဝယ်ရယူထားရမည့် စာအုပ်ကောင်းတစ်အုပ်ဟု ဆိုရမည်ဖြစ်သည်။

ဤစာအုပ်ကို သမိုင်းသုတေသနဦးစီးဌာနက ဖြန့်ချိ၍ ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ရှိ သမိုင်းသုတေသနဦးစီးဌာန၏ စာအုပ်အရောင်းဆိုင်တွင် လည်းကောင်း၊ နေပြည်တော် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနဦးစီးဌာန ရုံးအမှတ် (၃၅)တွင် လည်းကောင်း တစ်အုပ်လျှင် ငွေကျပ် ၂၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်မည် ဖြစ်သည်။ ထို့ပြင် နေပြည်တော် ရုံးအမှတ်(၃၅) မှဖုန်း-၀၆၇-၄၀၈၃၈၃၊ ၄၀၈၃၈၄၊ ၄၀၈၃၄၄နှင့် ရန်ကုန် အမျိုးသားပြတိုက် သမိုင်းသုတေသနဦးစီးဌာန ဖုန်း-၀၁-၃၉၅၁၉၀၊ ၃၉၅၁၉၅၊ ၃၉၅၁၉၂ သို့ ဆက်သွယ်မှာ ယူနိုင်သည်။

ဝယ်ယူနိုင်

သမိုင်းသုတေသန ဦးစီးဌာနမှ ယခင်က ထုတ်ဝေခဲ့သည့် စာအုပ်များ၊ မြန်မာသမိုင်း သုတေသနစာစောင်များကို အထက်ပါလိပ်စာများအတိုင်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၃ ရက်က တိုက်ကြီးမြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်းတွင် ပညာရေးစုံညီပွဲတော်နှင့် ကိုးနှစ်ဆက်တိုက် မြို့နယ်ဂုဏ်ဆောင်ပညာရေးအောင်ပွဲကျင်းပရာ အခမ်းအနားတွင် ဘာသာစုံ ပထမဆုရ မကေဇင်ဟိန်းနိုင်၊ မြန်မာစာပထမဆုရ မခိုင်ဇာသွယ်၊ အင်္ဂလိပ်စာ တတိယဆုရ မယဉ်ယဉ်မင်းထွန်း၊ လူမှုရေးတတိယဆုရ မပွင့်သူဇာခိုင်တို့က မြို့နယ်အဆင့် မူလတန်းဘက်စုံထူးချွန် တံခွန်စိုက်အလံကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျင်လှိုင်ထံ အပ်နှံစဉ်။ (မြို့နယ် ပြန်/ဆက်)

ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် Nano Energizer ၏ ကူညီပံ့ပိုးမှုဖြင့် ဖေဖော်ဝါရီ ၅ ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က မြန်မာနိုင်ငံ၌ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ပြုစုမြှင့်တင်ရေး (Promoting Social Businesses in Myanmar) ခေါင်းစဉ်ဖြင့် ဟောပြော ဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ငူ၊ ဒလနှင့် သဲကုန်းမြို့တို့၌ မီးလောင်မှုများဖြစ်ပွား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးမှုများ ဆောင်ရွက်ထားကြရန် မီးသတ်ဦးစီးဌာနက နှိုးဆော်ထား

နေပြည်တော် ဖေဖော်ဝါရီ ၂

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ်(၂၀)ရပ်ကွက် စကားစနေလမ်းရှိ နေအိမ်တစ်အိမ်၌ ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီ ၁၅ မိနစ်ခန့်တွင် ကလေးငယ်တစ်ဦး ဖယောင်းတိုင် မီးထွန်းကစားရာမှ မီးလောင်မှု ဖြစ်ပွားခဲ့ပြီး ၁၀ မိနစ်ခန့် အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် အိမ်ရှင် အမျိုးသမီးတစ်ဦး မျက်နှာနှင့် လက်နှစ်ဖက်တို့တွင် မီးဟပ်သည့် ဒဏ်ရာများ ရရှိခဲ့သဖြင့် တောင်ငူဆေးရုံသို့ ပို့ဆောင် ကုသပေးလျက်ရှိကြောင်း သိရှိရသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ဒလသင်္ဘောကျင်းဝင်းအတွင်းလွန်းတင်လွန်းချ အလုပ်သမားများ နားနေဆောင်ရှိ အဆောက်အအုံတစ်လုံး၌ ဇန်နဝါရီ ၂၇ ရက် ည ၇ နာရီ ၃၅ မိနစ်ခန့်တွင် လျှပ်စစ်ဝိုင်ယာရှော့တစ်ဆင့် မီးလောင်မှု ဖြစ်ပွားခဲ့သဖြင့် လွန်းကျင်းရှိ ပစ္စည်းအဟောင်းအချို့ မီးလောင်ကျွမ်းခဲ့ကြောင်း လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

နှိုးဆော်ထား

အလားတူ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် လမ်းမတော်လမ်းရှိ ဆိုင်ကယ်ပြင်ဆိုင် နောက်ဖေးတွင် စုပုံထားသော ဆိုင်ကယ်စွန့်ပစ်ပစ္စည်း (တာယာ၊ ကျွတ်) အဟောင်းပုံမှ ဇန်နဝါရီ ၂၈ ရက် နံနက် ၃ နာရီ ၄၅ မိနစ်ခန့်တွင် မီးလောင်ကျွမ်းခဲ့သဖြင့် အဆောက်အအုံဟောင်းတစ်လုံး၊ လက်ဖက်ရည်ဆိုင်နှစ်ဆိုင် မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် မီးတားများပြုလုပ်ခြင်း၊ လျှပ်စစ်ဝိုင်ယာကြိုးများစစ်ဆေးခြင်း၊ မီးကြွင်း မီးကျန်များမထားရှိခြင်း၊ မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ သဲပုံးနှင့် ရေကန်များ အသင့်ပြုလုပ်ထားခြင်း စသဖြင့် မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်မှုများ မမေ့မလျော့၊ မပေါ့မဆ ဆောင်ရွက်ထားကြရန် မီးသတ်ဦးစီးဌာနက သတိပေးနှိုးဆော်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

အုတ်တွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော အုတ်တွင်း - အုန်းပင် ကျေးလက်ကတ္တရာခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ဇန်နဝါရီ ၁၁ ရက်က ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခိုင်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (၃၁၆)

ကံ့ခင်းမြို့နယ် နဒီဇရာပန်းခြံအတွင်း မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှုကို ဇန်နဝါရီ ၂၃ ရက်က ဧရာဝတီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သက်ရှည် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကံကုန်းကြီးကျေးရွာ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းဖြစ်သော ရေပိုက်လိုင်းတူးခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၁၆ရက်က အင်ဂျင်နီယာမှူး ဦးဝင်းဦး ကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးအေးလွင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ချိုင်ကျေးရွာ စက်ရေတွင်း၊ ရေစက်ရုံ၊ ရေကန် တည်ဆောက်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၈ ရက်က အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့် အင်ဂျင်နီယာမှူး ဦးဇော်မျိုးထွေးတို့ ကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးဇော်လင်းနိုင် ရှင်းလင်းတင်ပြစဉ်။ (၀၇၀)

လေးမျက်နှာမြို့နယ်စည်ပင်သာယာရေးအဖွဲ့က သီရိအောင်မြေလမ်း ကျောက်ချောခင်းခြင်းကို ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ဇန်နဝါရီ ၂၅ ရက်က စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးငွေးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အလိမ္မာပျိုးခင်းစာကြည့်တိုက် ခရမ်းမြို့နယ်၌ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် မောင်းမကျေးရွာ အလိမ္မာပျိုးခင်းစာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်အိဇာလှိုင်နှင့် မောင်းမကျေးရွာ ဥက္ကဋ္ဌ ဦးချစ်ခိုင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက စာအုပ်မျိုးစုံ ၁၀၀၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌက ရေဒီယိုတစ်လုံးနှင့် စာအုပ်စာစောင်များ၊ အမျိုးသမီးရေးရာအဖွဲ့က စာအုပ်စာစောင်များ၊ မြို့နယ်ဦးစီးမှူး ဒေါ်အိဇာလှိုင်က စာအုပ်မျိုးစုံ ၁၀၀နှင့် ကျေးရွာနေပြည်သူများက စားပွဲတစ်လုံး၊ ကုလားထိုင်နှစ်လုံး၊ ခုံတန်းရှည် တစ်လုံး၊ စာအုပ်စင်တစ်ခုနှင့် စာအုပ်မျိုးစုံ အုပ်ရေ ၃၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါစာကြည့်တိုက်ကို ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပံ့ပိုးလှူဒါန်း ငွေကျပ် ၁၀ သိန်း၊ ခရမ်းမြို့နယ် မောင်းမကျေးရွာနေပြည်သူများက ထည့်ဝင်လှူဒါန်းငွေကျပ် ၉၃ သိန်း စုစုပေါင်းငွေကျပ် ၁၀၃ သိန်းဖြင့် တည်ဆောက် လှူဒါန်းထားခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လှိုင်သာယာမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းခွဲ လှိုင်သီရိခန်းမဆောင်၌ ဇန်နဝါရီ ၃ ရက်က ကျင်းပသော ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်တွင် သတ္တမတန်းပညာရည်ချွန်ဆု ပထမနှင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ မြို့နယ်ပထမဆုရရှိသော အဋ္ဌမတန်းကျောင်းသူ မအိန္ဒြာညိုအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်နွယ်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဂုဏ်ပြုဆုချီးမြှင့်

ပေါင်းတည်မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃၀ ရက်က အလုံမြို့နယ် ဇမ္ဗူရတနာကျောင်း၌ ကျင်းပရာ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်တန်း လေးဘာသာဂုဏ်ထူးရှင် မောင်ညီညီဇော်အား အသင်းနာယက ဦးမောင်မောင်လေးက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၀၃)

အဋ္ဌမအကြိမ် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့

၂၀၁၁ - ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်၊ တနင်္ဂနွေနေ့

LEPROSY ELIMINATION COMMEMORATIVE DAY

"အနာကြီးရောဂါ အန္တရာယ်ကင်းဝေးဖို့၊ ဆက်လက်ကြိုးပမ်းတိုက်ဖျက်စို့"

"Reduce The Leprosy Burden:Sustain Leprosy Control Activities"

ကျန်းမာရေးဦးစီးဌာန

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၇)၊ အမှတ်(၅)တွင် အစိုးရသစ်နှင့် စက်မှုကဏ္ဍ မျက်နှာဖုံးသတင်းဆောင်းပါး၊ ဝါရင့်နိုင်ငံရေးသမားကြီးလေးဦး၏ နိုင်ငံရေးစကားဝိုင်း အပါအဝင် သတင်းများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

သတင်းဝေဝေဆာဆာ

ချောင်းသာကမ်းခြေ မြန်မာနိုင်ငံတွင် အရှည်ဆုံးအပန်းဖြေကမ်းခြေ ဖြစ်လာတော့မည်၊ စစ်တွေတွင် တွေ့ရှိသော အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါပိုးကို ဩစတြေးလျနိုင်ငံဓာတ်ခွဲခန်းတွင် ဆက်လက်စစ်ဆေးသွားမည်၊ ရှိတာလေးကိုပဲ အားထားရောင်းချနေရ ဈေးကွက်သုံးသပ်၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် တိုက်ရိုက်လေကြောင်း စတင်ပျံသန်းမည်ဟုဆို၊ ရွှေဈေး ဆက်ကျနေဦးမည်၊ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် လမ်းညွှန်အကြံပြုချက်များ၊ သိကောင်းစရာ အစာအိမ်နာရောဂါအကြောင်း၊ အကယ်ဒမီဆုကိုရလိုက်တာ Pressure တစ်ခုထက် ခွန်အားတစ်ခုရလာသလိုပါပဲ စိုးပြည့်သဇင်နှင့် လိုတိုဗျူး စသည့် ဖျော်ဖြေရေး ကဏ္ဍများ၊ ပြည်တွင်းသတင်းများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

စုံလင်စွာပါရှိ

ဂျပန်တောင်ပိုင်းရှိ မွေးမြူရေးခြံတစ်ခြံတွင် ကြက်ငှက်တုပ်ကွေးကြောင့် ကြက်ကောင်ရေ ၄၁၀၀၀၀ သုတ်သင်ရှင်းလင်းခဲ့၊ စင်ကာပူ၏ မြင့်မားနေသော လူနေမှုစရိတ်ကို ရင်ဆိုင်နေရသည့် ဝင်ငွေနည်းမိသားစုများအတွက် အစိုးရက ကူညီပေးမည်၊ စင်ကာပူအပျိုဖြန်းသုံးဦး ရင်သားဖွံ့ထွားစေသောဓာတ်ပါသည် ဆိုသည့် ကွတ်ကီးများစားပြီး အစာအိမ်ရောဂါရခဲ့၊ လွန်ခဲ့သည့် ၂၃ နှစ်က ကလေးခိုးမှုကျူးလွန်ခဲ့သူအမျိုးသမီး အဖမ်းခံရ မှုခင်းရေးရာကဏ္ဍ၊ မွေးနေ့ရှင်အဆိုအမိန့်၊ ကျန်းမာရေးကဏ္ဍ၊ နည်းပညာကဏ္ဍ၊ စီးပွားရေးကဏ္ဍ စုံလင်စွာပါရှိသည် **(သတင်းစဉ်)**

အောင်ဇင်၏ အသံတိတ်လူသတ်သမားနှင့် လက်ရွေးစင်ဆောင်းပါးများ စာအုပ်ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂

ဆရာအောင်ဇင်၏ (၁၂)အုပ်မြောက်ဖြစ်သော အသံတိတ်လူသတ်သမားနှင့် လက်ရွေးစင်ကျန်းမာရေး ဆောင်းပါးများ စာအုပ်ကို ရှင်မတောင်စာပေမှ ထုတ်ဝေလိုက်သည်။

အဆိုပါစာအုပ်တွင် ကောင်းတာလုပ်ဖို့ ဘယ်တော့မှ နောက်မကျ၊ အသက်ရာကျော်ရှည်လိုလျှင်၊ နှလုံးရောဂါအကြောင်း သိကောင်းစရာ၊ ကော်ဖီနှစ်သက်သူများ သတိပြုရန်၊ အသံတိတ်လူသတ်သမား၊ အမျိုးသမီးငယ်များနှင့် ရင်သားကင်ဆာ၊ အသက် ဉာဏ်စောင့်၊ ဘာသာတရား ယုံကြည်မှုနှင့် ကျန်းမာရေး၊ ခွင့်လွှတ်ခြင်းတရားနှင့်ကျန်းမာရေး၊ စိတ်ညှို့ခြင်းနှင့်ကျန်းမာရေး၊ ကျန်းမာရေးအတွက် အားရပါးရရယ်ကြစို့၊ ဣတ္ထိယတို့ အသက် ၃၀ ကျော်လျှင် စိတ်ဖိစီးမှုနှင့် ကျန်းမာရေး၊ သက်သတ်လွတ်စားခြင်းနှင့် ကျန်းမာရေး၊ ပုရိသယောက်ျားများ ထုတ်ဖော်ပြောလေ့မရှိသော ရောဂါ၊ စီးကရက်စွဲသူဇနီးတစ်ဦး၏ ငိုခဲ့ရ ကျွန်မဘဝပါရှင် စသည်ဖြင့် ဆောင်းပါးအပုဒ် ၄၀ ပါဝင်သည်။

ပြန်လည်ထုတ်ဝေ

ယခင်ထုတ်ဝေပြီးသော ကောင်းတာလုပ်ဖို့ ဘယ်တော့မှ နောက်မကျ၊ ဣတ္ထိယတို့ အသက် ၃၀ ကျော်လျှင် နှင့် ဒေါသထိန်းသိမ်း သောကငြိမ်း စသည့် စာအုပ်များမှ လက်ရွေးစင်ဆောင်းပါးများကို စိစစ်ရွေးချယ်ပြီး အသံတိတ် လူသတ်သမားနှင့် လက်ရွေးစင် ကျန်းမာရေးဆောင်းပါးများ အမည်ဖြင့် ပြန်လည်ထုတ်ဝေခြင်းဖြစ်သည်။

ဖြန့်ဝေ

ယင်းစာအုပ်ကို အမှတ်(၂၉၆) (၁)အနော်မာ (၇)လမ်း သာကေတ မြို့နယ် ရန်ကုန်မြို့ ရှင်မတောင်စာပေမှ တစ်ပြည်လုံးသို့ ဖြန့်ဝေခြင်းဖြစ်ပြီး ရောင်းဈေးမှာ ငွေကျပ် ၃၅၀၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သမိုင်းအထူးပြုကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

တက္ကသိုလ်ပေါင်းစုံ သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီက တက္ကသိုလ်များမော်ရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီနာယက ရန်ကုန်တက္ကသိုလ်သမိုင်းဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာ မာဂရက်ဝေါင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဆက်လက်၍ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်ကြွယ်က ပူဇော်ပွဲကျင်းပပုံကို တင်ပြခဲ့သည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက ကန်တော့ခံဆရာ ဆရာမကြီး ၃၇ဦးအား ပူဇော်ကန်တော့ကာ လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့ကြသည်။ ကန်တော့ခံဆရာကြီးတစ်ဦးနှင့် ဆရာမကြီးတစ်ဦးတို့က ဩဝါဒစကား ပြန်လည်ပြောကြားခဲ့သည်။ ယင်းအခမ်းအနားတွင် ၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရှင် ဆရာကြီး ဒေါက်တာခင်မောင်ညွန့်အား ဂုဏ်ပြုလက်ဆောင် ပေးအပ်ခဲ့သည်။ ယင်းနေ့ ညနေ ၆ နာရီတွင် သမိုင်းကျောင်းသား ကျောင်းသူများ၏ (၁၀)ကြိမ်မြောက် မိတ်ဆုံစားပွဲကို M3 Food Centre ၌ ကျင်းပခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင် ဒီဇင်ဘာ ၂၇ ရက်က ချောင်းစလန်း ၁၅ မိုင် တံတား တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော အနီးစခန်း-နီးဘုရားလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက်က ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးအောင်မြင်၊ ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် ဒေသခံပြည်သူတစ်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

အမှတ်(၂) စက်မှုဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၂

အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသိန်းက အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ၄င်းတို့၏ ဌာန၊ လုပ်ငန်း၊ စက်ရုံနှင့် စက်မှုသင်တန်းကျောင်းများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးခင်မောင်ကျော်က ဆောင်ရွက်ချက်များနှင့် အကောင်အထည်ဖော်မည့် စီမံကိန်းများအပေါ် သုံးသပ်ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးမှာကြား

ယင်းနောက် ဝန်ကြီးဦးစိုးသိန်းက ထုတ်လုပ်သည့်ပစ္စည်းများ အရည်အသွေးမြင့်မားရေး၊ လျာထားချက်ပြည့်မီကျော်လွန်အောင် ထုတ်လုပ်ရောင်းချရေး၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေး၊ စက်များ၏ စွမ်းဆောင်ရည်မြင့်မားရေး၊ သုတေသနနှင့် တီထွင်စမ်းသပ်မှုများ ပြုလုပ်ရေး၊ စွမ်းအင်ချွေတာ သုံးစွဲရေး၊ ဈေးကွက်၏ တုံ့ပြန်ချက်အပေါ်အလေးထားပြုပြင်ရေး၊ ခေတ်မီစက်မှုနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ကြိုးပမ်းအားထုတ်ကြရေး တို့ကို ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှု ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင် သာသနာပိုင်ဆရာတော် ဘဝနတ်ထံ ပျံလွန်တော်မူ

ရန်ကုန် ဖေဖော်ဝါရီ ၂

နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော် ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက် ရွှေကျင်သာသနာပိုင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ သီရိမင်္ဂလာ ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက်၌ သီတင်းသုံးတော်မူသော သက်တော် (၉၀)၊ သိက္ခာတော် (၇၀)ရှိ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဇောတိပါလ ဆရာတော် ဘုရားကြီးသည် ၁၃၇၂ ခုနှစ် ပြာသိုလပြည့်ကျော် ၁၃ ရက်၊ ဖေဖော်ဝါရီ ၁ ရက် (အင်္ဂါနေ့) ည ၈ နာရီ ၂၅ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော် ဩဝါဒါစရိယ၊ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယကတွဲဖက်ရွှေကျင်သာသနာပိုင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ သီရိမင်္ဂလာကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တဇောတိပါလ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏

ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၊ နိဗ္ဗာန်ကျေးရွာနေ ခမည်းတော် ဦးဘိုးသုံ၊ မယ်တော် ဒေါ်အုန်းပွင့်တို့မှ ၁၂၈၃ခုနှစ်၊ နယုန်လဆန်း ၂ ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

ရှင်ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၄ ခုနှစ်တွင် ကဝမြို့နယ်၊ နိဗ္ဗာန်ကျေးရွာ၊ နိဗ္ဗာန်တောင်ကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏဝံသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၂ခုနှစ်တွင် ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝါယာမကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ သီရိမင်္ဂလာကြခတ်ဝိုင်းကျောင်းတိုက်၊ သီလဝိသောဓနီသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် ကဝမြို့နယ်၊ နိဗ္ဗာန်ကျေးရွာ နိဗ္ဗာန်တောင်ကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏဝံသ၊ ပဲခူးမြို့၊ ကြခတ်ဝိုင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုမေဓ၊ ဘဒ္ဒန္တဇဝန၊ ဘဒ္ဒန္တဥတ္တရာဇီဝ၊ ဘဒ္ဒန္တသုဇာတ၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရဆရာတော် ဘဒ္ဒန္တဝါယာမ၊ ဘဒ္ဒန္တကလျာဏ၊ ဘဒ္ဒန္တဇာဂရ၊ ဘဒ္ဒန္တဝိလမ၊ ဘဒ္ဒန္တဉာဏဝံသ၊ စစ်ကိုင်းမြို့၊ မဟာစေတီလှစာချဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒ၊ မန္တလေးမြို့၊ တောင်ပြင်ဘုရားကြီးတိုက်ဆရာတော်ဘဒ္ဒန္တနာရဒ၊ ဘဒ္ဒန္တကုန္ဒာသဘ၊ ဆရာတော်ဦးကြယ်၊ အမရပူရကျောင်းဆရာတော် ဘဒ္ဒန္တဥက္ကံသ၊ မြင်းဝန်တိုက်ဆရာတော် ဘဒ္ဒန္တဥက္ကံသ၊ ရွှေရေးဆောင်ဆရာတော် ဘဒ္ဒန္တပဏ္ဍဝစသော ဆရာတော်များထံ၌ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူပြီး ၁၃၁၅ ခုနှစ်တွင် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ စာမေးပွဲကို အောင်မြင်တော်မူခဲ့သည်။

သာသနာ့တာဝန်များကို ထမ်းဆောင်ခြင်း

ဆရာတော်သည် ပဲခူးမြို့၊ သီရိမင်္ဂလာ ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက်၌ စာသင်သား ရဟန်းသာမဏေများအား ပရိယတ္တိစာပေသင်ကြားပို့ချတော်မူခြင်း၊ ပဲခူးမြို့နယ် သံဃမဟာပဝါရဏာပွဲနှင့် ဝိနည်းစာပြန်ပွဲ ဝန်ဆောင်ချုပ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်ဂိုဏ်းလုံး ဝန်ဆောင်နာယက၊ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင်စသော သာသနာရေးတာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခြင်း၊ မဟာဝဂ္ဂါဒိဂန္ထသတ္တက ပါဠိပါရဂူကျမ်း၊ ပါဠိမဂ္ဂဒ္ဒေသကဝိဘာဝနီကျမ်း၊ ပါဠိပညာဗျာကရဏ ဝိဘာဝနီကျမ်း၊ ဘာဝနာရသ ဝိဘာဝနီကျမ်း၊ အမတရသဝိဘာဝနီကျမ်း၊ အရိယာမဂ္ဂက္ခဏ ဝိဘာဝနီကျမ်း စသော ကျမ်းပေါင်း ၄၂ ကျမ်းကို ပြုစုရေးသားတော်မူခြင်း၊ စာသင်တိုက်ခွဲပေါင်း ၄၅ တိုက်ကို ဖွင့်လှစ်တည်ထောင်တော်မူခြင်းစသည်ဖြင့် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့သည်။

ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူပြီး သာသနစုရာဝဟဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမ စသည့် ဂုဏ်တို့နှင့်ပြည့်စုံတော်မူသော ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၃၅၉(၁၉၉၈)ခုနှစ်တွင် **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက** ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၁၃၆၃(၂၀၀၂) ခုနှစ်တွင် **အဘိဓဇ မဟာရဋ္ဌဂုရု** ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်း ပူဇော်ခဲ့သည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၀၊ သိက္ခာတော် ၇၀ အရ ၁၃၇၂ ခုနှစ် ပြာသိုလပြည့်ကျော် ၁၃ ရက်၊ ၁-၂-၂၀၁၁(အင်္ဂါနေ့)၊ ည ၈နာရီ ၂၅ မိနစ် အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၂ခုနှစ် ပြာသိုလကွယ်နေ့ (ဥပုသ်နေ့)

၃-၂-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
၇း၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၆။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၅	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၂၀	၈။	အကပဒေသာ
၈း၃၀	၉။	(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	တေးဂီတအစီအစဉ်

ညပိုင်း

၃း၃၀	၁။	**Myanmar National League MNL Grand Royal Cup (2011) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် Southern Myanmar F.C နှင့် မနောမြေ F.C**
၅း၀၀	၂။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၅း၀၅	၃။	၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ(သင်္ချာဘာသာရပ်)
၅း၃၅	၄။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၄၅	၅။	**သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်**
၅း၅၀	၆။	(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၆း၀၀	၇။	ညနေခင်းသတင်း
၆း၁၅	၈။	မိုးလေဝသအခြေအနေ
၆း၂၀	၉။	ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၄၀) ကိုလင်း၊ရွှေပန်းချီ၊ ယုဇနဗိုလ်မြင့်၊ရဲရဲယု (ဒါရိုက်တာ-အောင်ကျော်သူရ)
၆း၃၅	၁၀။	ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀	၁၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ဒုတိယတွဲ) (အပိုင်း-၇)
၈း၀၀	၁၂။	ပြည်တွင်းသတင်း
	၁၃။	နိုင်ငံတကာသတင်းများ
	၁၄။	မိုးလေဝသအခြေအနေ
	၁၅။	**အစာလည်းဆေး၊ ဆေးလည်းအစာ** (အပိုင်း-၁၂)
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **စိတ်ကူးနဲ့ကြမ္မာ** (အပိုင်း-၂၄)
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၃၃)
	၁၈။	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

ထူးခြားသည့် ညအပူချိန်

၂-၂-၂၀၁၁

ဟားခါးမြို့
-၁ ဒီဂရီစင်တီဂရိတ်

ပူတာအိုမြို့
၄ ဒီဂရီစင်တီဂရိတ်

လားရှိုးမြို့
၄ ဒီဂရီစင်တီဂရိတ်

ဟဲဟိုးမြို့
၄ ဒီဂရီစင်တီဂရိတ်

✳ ကျောဖုံးမှ

ထိုဒေသရှိ ကမ်းရိုးတန်းဒေသများ၌ ဒီရေလှိုင်းလုံးကြီးများ ပေ ၃၀ နီးပါးမြင့်တက်ကာ ရေကြီးမှုအန္တရာယ်ဖြစ်ပေါ်လာနိုင်၍ နေအိမ်များမှ အမြန်ဆုံးထွက်ခွာကြရန်လည်း ပြည်နယ် ဝန်ကြီးချုပ် အနာဘလိုက်က သတိပေးလိုက်သည်။

အဆိုပါမုန်တိုင်းသည် ၁၉၇၄ ခုနှစ်က ခရစ္စမတ်ကျွန်းပေါ်ရှိ ဒါဝင်မြို့ကို တိုက်ခတ်ခဲ့သည့် ထရာစီအမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းထက် ပို၍ပြင်းထန်သည်။ မုန်တိုင်းအဆင့် ၄ ရှိ ထရာစီမုန်တိုင်းကြောင့် လူပေါင်း ၇၁ ဦး သေဆုံးခဲ့ရသည်။ ယခုတိုက်ခတ်သည့်မုန်တိုင်း ယာစီမှာ အဆင့် ၅ ရှိသည်။

ဆက်တိုက်ကြုံ

ဩစတြေးလျနိုင်ငံတွင် နိဝင်ဘာလကုန်ကတည်းက အပူပိုင်းမုန်တိုင်းများ ဆက်တိုက်ကြုံနေရသည်။ ရေကြီးမှုမှာလည်း နိုင်ငံ၏ သမိုင်းတွင် အဆိုးရွားဆုံးအခြေအနေနှင့် ရင်ဆိုင်နေကြရသည်။ ထိုအခြေအနေတွင် ယခု ယာစီဆိုင်ကလုန်းမုန်တိုင်းသည်လည်း ခြိမ်းခြောက်လျက်ရှိသည်။

မုန်တိုင်းမျက်စိတစ်ခုတည်းပင် အချင်း ၃၂ မိုင်ရှိပြီး တောင်းဗီလ်လီမြို့၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၅၆၀ အကွာမှ တဖြည်းဖြည်း ကွင်းစလန်းပြည်နယ်မြောက်ပိုင်း ကမ်းရိုးတန်းဒေသများသို့ တစ်နာရီလျှင် ကီလိုမီတာ ၃၀၀ နှုန်း (မိုင် ၁၉၀ နှုန်း)ဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့သည်။

ယခုအခါ တောင်းဗီလ်လီမြို့ရှိ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေး နေရာများ၌ လူပေါင်း ၁၀၀၀၀ ကျော်တို့အား နေရာပြောင်းရွှေ့ချထားပြီးဖြစ်ကြောင်း သိရသည်။ ယင်းမုန်တိုင်းသည် ကိုင်ယာမြို့ မြောက်ပိုင်းမှ ဘရစ္စဘိန်းမြို့အထိ တိုက်ခတ်လျက်ရှိရာ ထောင်သောင်းများစွာသော ပြည်သူများ နေအိမ်တို့ကို စွန့်ခွာနေကြပြီဖြစ်သည်။

မုန်တိုင်းတိုက်ခတ်ရာ လမ်းကြောင်းသည် လူပေါင်း လေးသိန်းကျော်နေထိုင်လျက်ရှိပြီး နာမည်ကျော်ခရီးသွားဒေသဖြစ်သည့် ဂရိတ်ဘာရီယာ သန္တာကျောက်တန်းဒေသလည်း အပါအဝင်ဖြစ်သည်။ (မုန်တိုင်းကြောင့် ပျက်စီးမှုအခြေအနေကို ဖောင်ပိတ်သတင်းရေးပြီးသည့်အချိန်အထိ မသိရသေးချေ။) ။

(အင်တာနက်)

ဖေဖော်ဝါရီ ၁ ရက်က အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(တာဝန်) ဦးရဲလွင်အောင် ပညာရေးဝန်ထမ်းများ Intensive Course Computer Applications သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၄)နှစ်မြောက် ပြ

နိုင်ငံ့အရေး အလွယ်မတွေးစေချင်ပါ

ဗညားအောင်



မြန်မာ့နိုင်ငံရေးအကြောင်းပြောလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ချန်ထား၍မရပေ။ မြန်မာ့နိုင်ငံရေးဖြစ်စဉ်များကို ပြန်လည်သုံးသပ်လိုက်လျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ရရှိအောင် ကြိုးပမ်းမှုများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပျက်ပြားအောင် သွေးထိုးလှုံ့ဆော်မှုများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပြိုကွဲရသည့်အတွက် ဖြစ်ပေါ်ခဲ့ရသည့် ပဋိပက္ခများ၊ ထိုပဋိပက္ခများကြောင့် ပေါ်ပေါက်ခဲ့ရသည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုပျက်ပြားခဲ့ရသည့်အဖြစ်များ စသည်တို့က နေရာအတော်များများယူထားသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုကာလကပင် မျိုးချစ်ခေါင်းဆောင်များအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၏ လိုအပ်ချက်ကို နားလည်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံ သူ့ကျွန်ဘဝရောက်ပြီးသည်နှင့်တစ်ပြိုင်နက် ပေါ်ပေါက်လာခဲ့သည့် နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် ဗမာ၊ ရှမ်း၊ ကရင်၊ ချင်း၊ ကယား စသည့်တိုင်းရင်းသားခေါင်းဆောင်များသည် နီးစပ်ရာပူးပေါင်းပြီး နယ်ချဲ့ဗြိတိသျှတို့အား တွန်းလှန်တိုက်ခိုက်ခဲ့သည်ကို တွေ့နိုင်ပါသည်။ သို့သော် စုစည်းညီညွတ်သည့် ခေါင်းဆောင်မှုမရှိသည့်အတွက် နယ်ချဲ့ဗြိတိသျှတို့က တော်လှန်ရေးအင်အားစုတစ်ခုချင်းကို အလွယ်တကူ ဖြိုခွင်းနိုင်ခဲ့ပေသည်။ မြန်မာ့တော်လှန်ရေးအင်အားစုများကို နှိမ်နင်းနိုင်ခဲ့ပြီးနောက်ပိုင်းတွင်မူ နယ်ချဲ့ဗြိတိသျှတို့အနေဖြင့် ၎င်းတို့၏အုပ်ချုပ်မှုကို ခုခံတွန်းလှန်မည့်တော်လှန်ရေးအင်အားစုကြီးတစ်ရပ် ပေါ်ထွက်မလာစေရန်အတွက် မြန်မာနိုင်ငံအုပ်ချုပ်ရေးစနစ်ကို အစီအစဉ်ရှိရှိ ချမှတ်လုပ်ဆောင်ခဲ့သည်။

တတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲပြီးဆုံးပြီးနောက် အထက်မြန်မာနိုင်ငံကို ဗြိတိသျှနယ်ချဲ့တို့ အုပ်ချုပ်မှုအောက်သို့ သွတ်သွင်းခဲ့ချိန်တွင် အောက်မြန်မာနိုင်ငံ၌ ဗြိတိသျှအုပ်ချုပ်မှုစနစ်မှာ အခြေကျနေပြီဖြစ်သည်။ ထို့ကြောင့် အောက်မြန်မာနိုင်ငံရှိ အုပ်ချုပ်ရေးစနစ်ကို အထက်မြန်မာနိုင်ငံသို့ တိုးချဲ့ရန်သာရှိတော့သည်။ သို့သော် ဗြိတိသျှနယ်ချဲ့တို့ကို ဆန့်ကျင်တော်လှန်သည့် လှုပ်ရှားမှုများ နောက်ထပ် မပေါ်ပေါက်စေရေးအတွက် တားဆီးရန် ဆုံးဖြတ်ထားသောနယ်ချဲ့တို့က ၁၈၈၆ ခုနှစ် မေလ ၄ရက်နေ့တွင် ရှမ်းပြည်နယ်ကို ချန်လှပ်ပြီး ကျန်အထက်မြန်မာနိုင်ငံ နယ်မြေများကို ဇယားဝင်စီရင်စုနယ် (Scheduled District) အဖြစ် သတ်မှတ်ခဲ့သည်။ နောက်ပိုင်းတွင်မူ ၁၈၉၅ ခုနှစ်တွင် ကချင်တောင်တန်း လူမျိုးများဥပဒေ၊ ၁၈၉၆ ချင်းတောင်တန်းလူမျိုးများဥပဒေတို့ကို ထပ်မံပြဋ္ဌာန်းပြီး ကချင်လူမျိုးနှင့် ချင်းလူမျိုးများကို သီးခြားခွဲခြားအုပ်ချုပ်ခဲ့သည်။ ထိုကဲ့သို့ တောင်တန်းဒေသများကို ခွဲခြားအုပ်ချုပ်ခဲ့မှုကို ဒုတိယကမ္ဘာစစ်ဖြစ်ချိန်အထိ ဆက်လက်ကျင့်သုံးခဲ့သောကြောင့် ၁၉၂၃ခုနှစ် ဒိုင်အာခီအုပ်ချုပ်ရေးစနစ် ပြောင်းလဲကျင့်သုံးချိန်တွင်လည်းကောင်း၊ ၁၉၃၅ ခုနှစ် ဗြဲ၃၅ဌာန အုပ်ချုပ်ရေးကို ပြောင်းလဲကျင့်သုံးချိန်တွင်လည်းကောင်း၊ ရှမ်း၊ ကချင်၊ ချင်းလူမျိုးများ နေထိုင်ရာဒေသများကို မြန်မာပြည်အုပ်ချုပ်ရေးအတွင်းမှ ခွဲထုတ်ကာ အပိုင်း ၁နှင့် အပိုင်း ၂ နယ်မြေများအဖြစ်သတ်မှတ်ပြီး ဘုရင်ခံ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိခဲ့သည်။ သို့သော် တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့်တစ်မျိုးကြား အုပ်ချုပ်ရေးစနစ်ကို သီးခြားစီ ခွဲခြားသတ်မှတ်ထားခဲ့သည့်အတွက် တောင်တန်းဒေသများတွင်ပင်လျှင် အုပ်ချုပ်ရေးစနစ် အမျိုးမျိုးကွဲပြားနေခဲ့သည်။

ဤကဲ့သို့ တောင်တန်းဒေသများကို လူမျိုးရေး၊ နိုင်ငံရေးအရ ခွဲခြားအုပ်ချုပ်ထားခဲ့ခြင်းကြောင့် တောင်တန်းဒေသများသည် မြန်မာပြည်မအတွင်း ဖြစ်ပေါ်နေသည့် နိုင်ငံရေးတိုးတက်မှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှုများနှင့် အဆက်ပြတ်နေခဲ့ရသည်။ ထို့ပြင် ဗြိတိသျှနယ်ချဲ့တို့သည် တိုင်းရင်းသားလူမျိုးစုများကို ခွဲခြားအုပ်ချုပ်ရုံသာမက ပြည်မတွင် ၎င်းတို့အလိုတော်ရိ အမျိုးသားခေါင်းဆောင်ရှင်များကို အုပ်ချုပ်ရေး၊ နိုင်ငံရေးတွင် တာဝန်ပေးခြင်း၊ တောင်တန်းဒေသများတွင် စော်ဘွားများ၊ စော်ဖျာများ၊ ဒူးဝါးများကို သက်ဦးဆံပိုင်အာဏာများပေးအပ်ပြီး ၎င်းတို့ကိုယ်စား အုပ်ချုပ်ခွင့်ပြုခြင်းဖြင့် တိုင်းရင်းသားများအတွင်း လူတန်းစားကွဲပြားမှုများပေါ်ပေါက်ကာ စည်းလုံးညီညွတ်သည့် နိုင်ငံရေးအင်အားစုများ ပေါ်ပေါက်မလာအောင် လုပ်ဆောင်ခဲ့သည်။

ထို့ကြောင့် ဗြိတိသျှနယ်ချဲ့တို့သည် မြန်မာနိုင်ငံတွင် အမျိုးသားစည်းလုံးညီညွတ်မှုကို ပြိုကွဲစေရန်အတွက် အောက်ပါသွေးခွဲအုပ်ချုပ်မှုနည်းလမ်းသုံးခုကို ကျင့်သုံးခဲ့သည်ဟုဆိုရမည်ဖြစ်သည်-

(က) တိုင်းရင်းသားလူမျိုးစုများ နေထိုင်ရာဒေသများကို ခွဲခြားအုပ်ချုပ်ခြင်းဖြင့် ပထဝီအနေအထားအရ သွေးကွဲမှုကို ဖြစ်ပေါ်စေခြင်း။

(ခ) တိုင်းရင်းသားလူမျိုးစုများအတွင်း အုပ်ချုပ်ရေးစနစ်အမျိုးမျိုးကို ကျင့်သုံးပြီး အခွင့်အရေးများကို ခွဲခြားသတ်မှတ်ပေးခြင်းဖြင့် လူမျိုးရေးအရ သွေးကွဲမှုကို ဖြစ်ပေါ်စေခြင်း။

(ဂ) အုပ်ချုပ်ရေးအရ လွယ်ကူစေရန်အတွက် အလိုတော်ရိများကို အသုံးချခြင်းကြောင့် လူတန်းစားအရ သွေးကွဲမှုကို ဖြစ်ပေါ်စေခြင်း။

ထိုကဲ့သို့ လုပ်ဆောင်ခဲ့ခြင်းကြောင့် ၁၉၄၅ခုနှစ်မတိုင်မီအထိ မြန်မာ့နိုင်ငံရေးတွင် တောင်တန်းဒေသများအနေနှင့် ပြည်မရှိ နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ခြင်း မရှိခဲ့သည့်အပြင် ပြည်မမှ နိုင်ငံရေးသမားများ တောင်တန်းဒေသများသို့ လာရောက်ခြင်းကိုပင် တားဆီးခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ တစ်ဖက်ကလည်း မြန်မာပြည်မအတွင်းတွင် ကိုယ်ပိုင်အုပ်ချုပ်ရေး၊ လွတ်လပ်ရေးအတွက် ရည်ရွယ်လှုပ်ရှားခဲ့သည့် နိုင်ငံရေးအဖွဲ့အစည်းများဖြစ်သည့် ဂျီစီဘီအေ၊ ဒို့ဗမာအစည်းအရုံး စသည်တို့မှာလည်း နယ်ချဲ့တို့၏ သွေးခွဲမှု၊ မက်လုံးပေး သွေးဆောင်မှုများကြောင့် လေးဖွဲ့၊ နှစ်ဖွဲ့ စသည်ဖြင့် အကွဲကွဲအပြားပြား ဖြစ်ခဲ့ရသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်အပြီး လွတ်လပ်ရေးကြိုးပမ်းမှုများ ပေါ်ပေါက်လာချိန်တွင်မူ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် မျိုးချစ်နိုင်ငံရေးသမားများနှင့် တပ်မတော်ခေါင်းဆောင်များက မြန်မာ့နိုင်ငံရေးအင်အားစုများအတွင်း နိုင်ငံရေးအရ စုစည်းညီညွတ်မှုရရှိစေရန်အတွက် ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖဆပလ)ကို တည်ထောင်ခဲ့သည်။

သို့သော် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် ဖဆပလအဖွဲ့ကြီးက မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် ဗြိတိသျှတို့နှင့် အရေးဆိုရာတွင် တောင်တန်းဒေသများအရေးက ရှေ့တန်းရောက်လာသည်။ မြန်မာ့လွတ်လပ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ၁၉၄၇ခုနှစ် ဇန်နဝါရီလ ဗြိတိန်နိုင်ငံသို့ သွားရောက်ချိန်တွင် ဗြိတိသျှတို့ဘက်က ရှမ်းစော်ဘွားများက ဗိုလ်ချုပ်တို့ ကိုယ်စားလှယ်အဖွဲ့သည် ၎င်းတို့ကို ကိုယ်စားမပြုကြောင်း အကြောင်းကြားခဲ့သည့် ကြေးနန်းစာကိုထောက်ပြီး တောင်တန်းဒေသများအနေဖြင့် ပြည်မနှင့်ပူးပေါင်းပြီး လွတ်လပ်ရေးရယူလိုခြင်း ရှိ မရှိ အရင်စုံစမ်းသင့်သည်ဟု ဆွေးနွေးခဲ့သည်။ ထို့ကြောင့် အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုရာတွင် လွတ်လပ်ရေးရယူရာ၌ တောင်တန်းဒေသများ၏ သဘောထားကို စုံစမ်းရေးကော်မရှင်ဖွဲ့ပြီး စုံစမ်းရန်ဆိုသည့်အချက်ကို မြန်မာဘက်က သဘောတူခဲ့ရသည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် တောင်တန်းဒေသများမှ တိုင်းရင်းသားခေါင်းဆောင်များနှင့်တွေ့ဆုံပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုတည်ဆောက်ကာ လွတ်လပ်ရေးကို အရယူနိုင်ရန်အတွက် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလတွင် ပင်လုံညီလာခံကို ကျင်းပခဲ့ရခြင်းဖြစ်သည်။ သို့တိုင်အောင် ပင်လုံညီလာခံတွင် တောင်တန်းဒေသများ၌ပါဝင်သည့် ကချင်၊ ချင်းနှင့် ရှမ်းတိုင်းရင်းသား ကိုယ်စားလှယ်များသာ တက်ရောက်ခဲ့ပြီး နောက်ထပ် တောင်တန်းဒေသတစ်ခုဖြစ်သည့် သံလွင်ခရိုင်မှ ကရင်တိုင်းရင်းသားကိုယ်စားလှယ်များကမူ ပါဝင်ဆွေးနွေးခြင်းမရှိဘဲ လေ့လာသူအဖြစ်သာ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ တောင်တန်းဒေသတွင်မပါဝင်သော ရခိုင်၊ မွန်၊ ကယား စသည့် တိုင်းရင်းသားများသည်လည်းကောင်း၊ ရှမ်းစော်ဘွားများ ပဒေသရာဇ်စနစ်ဖြင့် အုပ်ချုပ်ထားသည့် ကျန်တိုင်းရင်းသားလူမျိုးများဖြစ်သော ပအိုဝ်း၊ ပလောင်၊ ဓနု၊ ဝ၊ ကိုးကန့်၊ လားဟူ စသည့် တိုင်းရင်းသားလူမျိုးများသည်လည်းကောင်း ပင်လုံညီလာခံတွင် ပါဝင်ခဲ့ခြင်းမရှိသည်ကို တွေ့ရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ပင်လုံညီလာခံသည် တောင်တန်းဒေသအပါအဝင် မြန်မာနိုင်ငံတစ်ခုလုံး အတူတကွလွတ်လပ်ရေးရယူနိုင်အောင် လိုအပ်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့သည်ကိုတွေ့ရသည်။ ထို့ကြောင့် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် မြန်မာနိုင်ငံအနေဖြင့် အတိုင်းအတာတစ်ခုအထိ အမျိုးသားစည်းလုံးညီညွ[...] နိုင်ခဲ့သည်ဟုလည်း ဆိုနိုင်ပါသည်။

ယနေ့ပြောနေသည့် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် တပ်မတော်တို့ တွေ့ဆုံရေးဆိုသည့်လုပ်ငန်းကို ထိုလွှတ်တော်အဆင့်ဆင့်တွင် လက်တွေ့ဆောင်ရွက်နိုင်ပြီဖြစ်သည်။ ဥပဒေပြုရေးရာများတွင် လက်တွဲဆောင်ရွက်ရင်း အပြန်အလှန် နားလည်မှု၊ ယုံကြည်မှုများကို တည်ဆောက်နိုင်ပါလိမ့်မည်။ ထိုအခြေခံဥပဒေထဲတွင် တိုင်းရင်းသားများ၏ အခွင့်အရေး၊ မိမိတို့ဘာသာစကား ယဉ်ကျေးမှု စသည်တို့ကို ထိန်းသိမ်းဖော်ဆောင်နိုင်မည့် လွှတ်တော်၊ အစိုးရအဖွဲ့၊ ဥပဒေပြုခွင့်အာဏာတို့လည်း ပါပြီးဖြစ်သည်။ လွှတ်တော်ထဲတွင် အားလုံးလက်တွဲလုပ်ဆောင်ရင်း အားသာချက်များကို ပိုပြီးအားကောင်းအောင်၊ အားနည်းချက်များ တွေ့လာပါက ပြုပြင်နိုင်အောင် ဝိုင်းဝန်းကြိုးစားဖို့သာ လိုပါသည်။

လွတ်လပ်ရေးကြိုးပမ်းမှုကာလအတွင်း [...]
သည့် အမျိုးသားစည်းလုံးညီညွတ်ရေးသည် [...]
အယူအဆရေးရာကွဲပြားမှု၊ ဝါဒရေးရာကွဲ[...]
ရောက်မှုများကြောင့် လျင်လျင်မြန်မြန်ပင [...]
သည်။ ထိုအချိန်က အာဏာရအစိုးရဖြစ်သ[...]
ပြိုကွဲနေသည့် အမျိုးသားပြန်လည်စည်းလုံးညီ[...]
ရန်ကြိုးပမ်းမှုများ ပြုလုပ်ခဲ့သော်လည်း [...]
ပုဂ္ဂိုလ်ရေးအရ အကွဲအပြဲများ ဖြစ်ပေါ်နေသ[...]
ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပေ။ ၁၉၆၀ ရွေးေ[...]
သော ဦးနု၏ ပထစအစိုးရသည်လည်း ရခို[...]
တည်ထောင်ရေးကိစ္စများ၊ ရှမ်းပြည်နယ်[...]
ပြဿနာများ စသည့် ဖွဲ့စည်းပုံအခြေခံဥပ[...]

ပြည်ထောင်စုပွဲ နှဲစို[...]

* ဒို့တိုင်းပြည် ဘေးမသန်းပါ[...]
အေးချမ်းလို့ သာယာသည်[...]
ဖွံ့ဖြိုးအောင် တိုင်းရင်းသား[...]
ကြိုးစားခဲ့ပြီ။
ကြည့်လိုက်ပါ့ ရွှေတိုင်းပြ[...]
ဘက်စုံညီ အလှကျင်း။
လမ်းတံတား အဖုံဖုံနဲ့
ပန်းများ အငုံငုံနဲ့
နေအရုဏ် ရွှေမှုန်လှစ်တယ[...]
ဒို့ခေတ်မြင်ကွင်း။

* တာတမံ ဆည်မြောင်းနဲ့
ကန်ချောင်းတို့ ပြည့်လျှံကြ[...]
မိုးခေါင်စေ ရေမရှားအောင်[...]
အားဖြည့်ခဲ့ပြီ။
ပုထိုး ဘုရား စေတီ
မွေသရီ ရွှေရည်ဖိတ်။
အမျိုးဘာသာနဲ့
သာသနာ အရောင်လင်းပါ[...]
ကမ္ဘာမှာ အခေါင်ချဉ်းစေဖို့[...]
ဆောင်နှင်းကာ အားသွန်မ[...]
မွန်မြတ်တဲ့စိတ်။

* ချစ်ခြင်းကို အကြောင်းပြုလ[...]
ပေါင်းစုလို့ ညီညွတ်သည်[...]
ဒို့ပြည်ထောင် ညီနောင်မျာ[...]
အားသစ်ဝေစည်။
ပင်လုံစိတ် အခြေခံသည်
ကိုယ့်တိုင်းပြည် ကိုယ်မြတ်[...]
စစ်မှန်သော မျိုးချစ်စိတ်
ပြည့်သိပ်လျှံတိုး။

* ငွေနှင်းမှုန် ကြဲပက်တဲ့
ဆယ့်နှစ်ရက် ဖေဖော်ဝါရီ။
စိမ်းလန်းအရိပ် အစဉ်ကွဲ့
ငြိမ်းချမ်းနိမိတ် အသွင်ဆော[...]
တောတောင်တွေ မြအသွေး[...]
လှဆေးပန်းချီ။
ရွှေပြည်သစ် ဒီမိုကရေစီ
ဖြစ်တည်ခဲ့ ရှုမဝ။
တိုင်းရင်းသားစုံညီ
တေးသီလို့ ပျော်ရွှင်ကြ။
ညီနောင်ထု အစဉ်တွဲပါလို့[...]
ပြည်ထောင်စုတစ်ခွင် နွဲကြ[...]
ပွဲစည်လွှန်းလှ။ ။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂ[...]

ခွန်ရဲသွေး[...]

အတာတစ်ခုအထိ အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့သည်ဟုလည်း ဆိုနိုင်ပါသည်။

လွတ်လပ်ရေးကြိုးပမ်းမှုကာလအတွင်း ကြိုးပမ်းတည်ဆောက်ခဲ့ရသည့် အမျိုးသားစည်းလုံးညီညွတ်ရေးသည် လွတ်လပ်ရေးရပြီးနောက် အယူအဆရေးရာကွဲပြားမှု၊ ဝါဒရေးရာကွဲပြားမှု၊ လူမျိုးရေးအစွန်းရောက်မှုများကြောင့် လျင်လျင်မြန်မြန်ပင် ပြန်လည်ပြိုကွဲသွားခဲ့ရသည်။ ထိုအချိန်က အာဏာရအစိုးရဖြစ်သည့် ဖဆပလအစိုးရသည် ပြိုကွဲနေသည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်ရန်ကြိုးပမ်းမှုများ ပြုလုပ်ခဲ့သော်လည်း ၎င်းတို့ပါတီအတွင်း၌ပင် ပုဂ္ဂိုလ်ရေးအရ အကွဲအပြဲများ ဖြစ်ပေါ်နေသဖြင့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပေ။ ၁၉၆၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော ဦးနု၏ ပထစအစိုးရသည်လည်း ရခိုင်၊ မွန်နှင့် ချင်းပြည်နယ်တည်ထောင်ရေးကိစ္စများ၊ ရှမ်းပြည်နယ်၏ အခွင့်အရေးဆိုင်ရာ ပြဿနာများ စသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စများကို

ပြည်ထောင်စုပွဲ နွဲစို့ပျော်ပျော်

* ဒို့တိုင်းပြည် ဘေးမသန်းပါဘဲ
အေးချမ်းလို့ သာယာသည်။
ဖွံ့ဖြိုးအောင် တိုင်းရင်းသားတို့
ကြိုးစားခဲ့ပြီ။
ကြည့်လိုက်ပါ ရွှေတိုင်းပြည်
ဘက်စုံညီ အလှကျင်း။
လမ်းတံတား အဖုံဖုံနဲ့
ပန်းများ အငုံငုံနဲ့
နေအရုဏ် ရွှေမှုန်လှစ်တယ်
ဒို့ခေတ်မြင်ကွင်း။

* တာတမံ ဆည်မြောင်းနဲ့
ကန်ချောင်းတို့ ပြည့်လျှံကြည်။
မိုးခေါင်စေ ရေမရှားအောင်
အားဖြည့်ခဲ့ပြီ။
ပုထိုး ဘုရား စေတီ
မွေ့သရီ ရွှေရည်ဖိတ်။
အမျိုးဘာသာနဲ့
သာသနာ အရောင်လင်းပါလို့
ကမ္ဘာမှာ အခေါင်ချဉ်းစေဖို့
ဆောင်နှင်းကာ အားသွန်မပြတ်တယ်
မွန်မြတ်တဲ့စိတ်။

* ချစ်ခြင်းကို အကြောင်းပြုလို့
ပေါင်းစုလို့ ညီညွတ်သည်။
ဒို့ပြည်ထောင် ညီနောင်များတို့
အားသစ်ဝေစည်။
ပင်လုံစိတ် အခြေခံသည်
ကိုယ့်တိုင်းပြည် ကိုယ်မြတ်နိုး။
စစ်မှန်သော မျိုးချစ်စိတ်
ပြည့်သိပ်လျှံတိုး။

* ငွေနှင်းမှုန် ကြဲပက်တဲ့
ဆယ့်နှစ်ရက် ဖေဖော်ဝါရီ။
စိမ်းလန်းအရိပ် အစဉ်ကွဲ့
ငြိမ်းချမ်းနိမိတ် အသွင်ဆောင်တဲ့
တောတောင်တွေ မြအသွေးနဲ့
လှဆေးပန်းချီ။
ရွှေပြည်သစ် ဒီမိုကရေစီ
ဖြစ်တည်ခဲ့ ရှုမဝ။
တိုင်းရင်းသားစုံညီ
တေးသီလို့ ပျော်ရွှင်ကြ။
ညီနောင်ထု အစဉ်တွဲပါလို့
ပြည်ထောင်စုတစ်ခွင် နွဲကြမယ်
ပွဲစည်လွန်းလှ။ ။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

ခွန်ရဲသွေး(အေးသာယာ)

ဆွေးနွေးနိုင်ရန်အတွက် ၁၉၆၂ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသား ကိုယ်စားလှယ်များ တက်ရောက်သည့် အမျိုးသားညီလာခံတစ်ရပ်ကို ကျင်းပခဲ့သည်။ သို့သော် ထိုဆွေးနွေးပွဲတွင် ရှမ်းစော်ဘွားများက ၎င်းတို့တောင်းဆိုချက်များမရလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းမှ ခွဲထွက်ရန်အထိ ကြိုးပမ်းလုပ်ဆောင်လာသောကြောင့် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူခဲ့ရတော့သည်။

တော်လှန်ရေးကောင်စီသည်လည်း အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ရန်အတွက် ဆက်လက်လုပ်ဆောင်ခဲ့သည်ကို တွေ့ရသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပတ်သက်လျှင် တိုင်းရင်းသားလူမျိုးများအရေးနှင့်ပတ်သက်၍ တော်လှန်ရေးကောင်စီ၏ ခံယူချက်ကို ထုတ်ပြန်ခြင်း၊ ပြည်တွင်းသောင်းကျန်းမှုပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပခြင်းတို့သည် တော်လှန်ရေးကောင်စီ၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ဦးတည်လုပ်ဆောင်ချက်များပင်ဖြစ်သည်။ ထို့ပြင် ပါလီမန်ဒီမိုကရေစီခေတ်တွင် နိုင်ငံရေးပါတီအမျိုးမျိုး၊ ဝါဒအမျိုးမျိုးကို ကျင့်သုံးခဲ့သောကြောင့် စည်းလုံးညီညွတ်မှုပျက်ပြားပြီး လွတ်လပ်ရေးကြိုးပမ်းမှု ကာလအတွင်းက မျှော်မှန်းခဲ့သည့် ဆိုရှယ်လစ်ပန်းတိုင်နှင့် အလှမ်းဝေးခဲ့ရသည်ဟု သင့်ခန်းစာဖော်ထုတ်ပြီး တစ်ခုတည်းသော ဦးဆောင်ပါတီ၏အောက်တွင် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားများ စည်းလုံးညီညွတ်စွာနှင့် ပါဝင်ဆောင်ရွက်ကြနိုင်ရန် တစ်ပါတီစနစ်ကို ကျင့်သုံးမည်ဟု ဆုံးဖြတ်ခဲ့သည်ကိုလည်း တွေ့ရသည်။ သို့သော် လက်တွေ့တွင်မူ အရင်းရှင်ပါလီမန်ဒီမိုကရေစီစနစ်ကိုပင် ကြိုက်နှစ်သက်သော ပထစနှင့် ဖဆပလ ခေါင်းဆောင်များ၊ လက်ဝဲစွန်းရောက် ကွန်မြူနစ်များ၊ လူမျိုးရေး အစွန်းရောက်ဝါဒီများအနေဖြင့် တစ်ပါတီစနစ်အတွင်းတွင် ပါဝင်လာခြင်းမရှိဘဲ နိုင်ငံတော်ကို ဆက်လက်ဆန့်ကျင်တိုက်ခိုက်နေခြင်းကြောင့် မျှော်မှန်းထားသည့် အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့ခြင်းမရှိသည်ကို တွေ့ခဲ့ရပါသည်။

၁၉၈၈ခုနှစ် ဆူပူမှုအရေးအခင်းကာလတွင်မူ မြန်မာနိုင်ငံ၏ အမျိုးသားစည်းလုံးညီညွတ်ရေးအခြေအနေသည် အဆိုးရွားဆုံးကာလသို့ ရောက်ခဲ့သည်ဟု ဆိုရပေမည်။ ထိုအခြေအနေအောက်တွင် နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူခဲ့သော တပ်မတော်အစိုးရသည်လည်း အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ရန်အတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။ သို့သော် တပ်မတော်အစိုးရသည် ယခင်အစိုးရအဆက်ဆက်က အမျိုးသားစည်းလုံးညီညွတ်ရေး တည်ဆောက်ရာတွင် မအောင်မမြင်ဖြစ်ခဲ့ရသည့် အကြောင်းအရင်းများကို ဖော်ထုတ်ပြီး ယခင်အစိုးရများနှင့် ကွဲပြားခြားနားသည့် ချဉ်းကပ်ပုံနည်းလမ်းများကို အသုံးပြုခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

နိုင်ငံရေးအရ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ၉၀ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်များအပါအဝင် အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များစသည့် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့ ရှစ်ဖွဲ့ပါဝင်သည့် အမျိုးသားညီလာခံကိုကျင်းပပြီး အနာဂတ်နိုင်ငံတော်ဖွဲ့စည်းပုံအတွက် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်ခဲ့သည်။ ထိုအမျိုးသားညီလာခံသို့ တက်ရောက်ခဲ့သည့် ကိုယ်စားလှယ် တစ်ထောင်ကျော်အနက် တိုင်းရင်းသားကိုယ်စားလှယ် ခြောက်ရာကျော်ပါဝင်ခဲ့သည့်အတွက် မြန်မာနိုင်ငံရှိ မြို့နယ်ပေါင်း ၃၂၅ မြို့နယ်မှ တစ်မြို့နယ်လျှင် တိုင်းရင်းသားကိုယ်စားလှယ်တစ်ဦး အနည်းဆုံးပါဝင်သည်ဟု ဆိုနိုင်ပါသည်။ ထိုကိုယ်စားလှယ်များသည် ပါတီစွဲ၊ ဝါဒစွဲကင်းကင်းဖြင့် အမျိုးသားအကျိုးစီးပွားကိုသာရှေးရှုပြီး အနာဂတ် နိုင်ငံတော်တည်ဆောက်မှုပုံသဏ္ဌာန်ကို ဆွေးနွေးခဲ့ကြခြင်းကြောင့် အမျိုးသားညီလာခံတွင် မြန်မာ့နိုင်ငံရေးအင်အားစုအသီးသီးကြားတွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့သည်ဟု ဆိုရပေမည်။

ထိုကဲ့သို့ နိုင်ငံရေးအရ အနာဂတ်နိုင်ငံတော် တည်ဆောက်ရာတွင် အမျိုးသားရေးအင်အားစုအားလုံး ပါဝင်နိုင်ရန်အတွက် အမျိုးသားညီလာခံဖြင့် ဆောင်ရွက်သကဲ့သို့ လက်နက်ကိုင် ပဋိပက္ခများကြောင့် နယ်စပ်ဒေသများတွင် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု ပျက်ပြားနေပြီး ပြည်သူများ အတိဒုက္ခရောက်နေမှုများကို ရပ်တန့်နိုင်ရန်အတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေးကို ဆောင်ရွက်ခဲ့ရာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း အများအပြားမှာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ပြီး ဒေသဖွံ့ဖြိုးရေး *စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

၂၀၁၁ခုနှစ်၊ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၄) တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၅) နှစ်ပေါင်းထောင်ချီ၍ ဥမကွဲသိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

စာမျက်နှာ ၉ မှ

လုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် လက်တွဲလုပ်ဆောင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထိုငြိမ်းချမ်းရေး တည်ဆောက်မှု၏ အကျိုးဆက်အဖြစ် အချို့လက်နက်ကိုင်အဖွဲ့များမှာ လက်နက်ကိုင်လမ်းစဉ်ကို လုံးဝစွန့်လွှတ်ခဲ့ပြီး ထာဝရ ငြိမ်းချမ်းရေးကိုတည်ဆောက်ကာ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲများတွင်ပင် ပါဝင်ယှဉ်ပြိုင်အရွေးခံခဲ့သည့် အခြေအနေအထိ ရောက်ရှိခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် စစ်ရေးပဋိပက္ခများကြောင့် ပြိုကွဲခဲ့ရသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုလည်း ငြိမ်းချမ်းရေး နည်းလမ်းဖြင့် ပြန်လည်တည်ဆောက်နိုင်ခဲ့သည်ဟု ဆိုရပါမည်။

ထို့ပြင် တပ်မတော်အစိုးရသည် နိုင်ငံအတွင်း ရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ကွဲပြားခြားနားမှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ခဲ့ရသည့်အခြေအနေကို ကုစားနိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင်ဦးစီးသည့် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းပြီး နယ်စပ်ဒေသ ၂၁ခုတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သကဲ့သို့ နိုင်ငံတော်အတွင်း ဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှု အကြားအလပ်မရှိစေရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခုကို စီမံချက်ချမှတ်ဆောင်ရွက်ပေးခဲ့သည်။ အလားတူပင် နိုင်ငံအတွင်း ဒေသတစ်ခုနှင့်တစ်ခု ပထဝီအနေအထားအရ အဆက်အသွယ်ခက်ခဲမှုများ ပပျောက်စေရန်အတွက် နိုင်ငံအတွင်း လမ်းတံတားကွန်ရက်များ၊ မီးရထားလမ်း ကွန်ရက်များကို အမျိုးသားအဆင့်စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးခဲ့သည်။ ဤသည်မှာ ဖွံ့ဖြိုးတိုးတက်မှုနည်းလမ်းဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်လိုက်ခြင်းပင်ဖြစ်သည်။

ထိုကဲ့သို့ တစ်ဖက်က အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အကောင်အထည်ဖော်နိုင်မည့်၊ ထာဝရထိန်းသိမ်းထားနိုင်မည့် အခြေအနေကောင်းများကို ဖော်ဆောင်ပေးသကဲ့သို့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များကို ထိခိုက်အောင်၊ ပျက်ပြားအောင် လုပ်ဆောင်လာသည့် ပြည်တွင်းပြည်ပ အင်အားစုများ၏ အဖျက်အမှောင့်လုပ်ရပ်များကိုလည်း ကာကွယ်တားဆီးခဲ့ရသည်။ နိုင်ငံတစ်ဝန်းလုံးတွင် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားများ အသက်ဝင်စေရန်၊ ခိုင်မာအင်အားတောင့်တင်းသည့် အစိုးရတစ်ရပ်ဖြစ်ပေါ်စေရန်အတွက်လည်း လုပ်ဆောင်ခဲ့ရသည်။

ထို့ကြောင့် တပ်မတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များသည် အတိတ်ကာလကကဲ့သို့ နိုင်ငံရေးသက်သက်၊ စစ်ရေးသက်သက်အမြင်ဖြင့် ဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အုပ်ချုပ်ရေး စသည်ဖြင့် ဘက်စုံထောင့်စုံမှ စဉ်းစားဆောင်ရွက်ခဲ့သည့် မဟာဗျူဟာလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ဤကဲ့သို့ လုပ်ဆောင်ခဲ့သည့်အတွက်လည်း ယနေ့အချိန်ကာလတွင် မည်သည့်ခေတ်ကနှင့်မျှမတူအောင် မြန်မာနိုင်ငံအနှံ့အပြားတွင် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေခြင်းလည်း ဖြစ်ပေသည်။

သို့တိုင်အောင် ယနေ့လုပ်ဆောင်နေသည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များမှာ ပြီးမြောက်အောင်မြင်ပြီဟု မဆိုနိုင်သေးပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာမည့် နိုင်ငံတော်ဖွဲ့စည်းမှုတွင် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စများစွာ ရှိနေသေးသည်။ ပေါ်ပေါက်လာတော့မည့် ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအကြား ဆက်ဆံရေး၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအကြား ဆက်ဆံရေးများသည် ယခင်က ကျင့်သုံးခဲ့သည့် နိုင်ငံတော်တည်ဆောက်ပုံနှင့် လုံးဝကွဲပြားခြားနားပေသည်။ ထို့အတူ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားရေး မဏ္ဍိုင်များကို တိတိပပ ခွဲခြားထားပြီး အပြန်အလှန် ထိန်းကျောင်းထားသည့် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်မှု ပုံသဏ္ဌာန်သည်လည်း ပထမဆုံးအကြိမ် ကျင့်သုံးမည့် ပုံစံဖြစ်သည်။ ထို့ကြောင့် အနာဂတ်ကာလတွင် ကျော်ဖြတ်ရမည့် စိန်ခေါ်မှုများ၊ စမ်းသပ်မှုများ များစွာရှိနေပေသည်။ ထို့ပြင် ယာယီငြိမ်းချမ်းရေးသာ တည်ဆောက်ထားနိုင်သည့် တိုင်းရင်းသားဒေသများတွင် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ် ပျက်ပြားအောင် ဆက်လက်ကြိုးစားနေသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများရန်မှ ကာကွယ်ရေး စသည့်လုပ်ငန်းများလည်း ကျန်ရှိနေပေသေးသည်။ ထိုစိန်ခေါ်မှုများ၊ ဆောင်ရွက်ရန် ကျန်လုပ်ငန်းများကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်မှသာ မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့မည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ပြီဟု ဆိုနိုင်ပေလိမ့်မည်။

ဤကဲ့သို့သော အခြေအနေမျိုးတွင် ယနေ့အထိ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များကို မျက်ကွယ်ပြုပြီး ၁၉၄၇ခုနှစ် ပင်လုံညီလာခံကဲ့သို့သော ညီလာခံတစ်ခုကို ပြန်လည်ခေါ်ယူကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်သင့်သည်ဟုပြောဆိုမှုများ ပေါ်ထွက်လာသည်ကိုလည်း သတိပြုမိ၏။ ထိုညီလာခံမျိုးကို On Line မှ လုပ်မည်ဟု အကြံပြုသူတွေလည်း ရှိနေသည်ကိုပင် အံ့သြဖွယ်တွေ့ရသည်။

ထိုကဲ့သို့ ပြောဆိုနေသူများသည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်ကို လူတစ်ဦးကဦးဆောင်ပြီး အဖွဲ့လေးငါးဖွဲ့ စုပေါင်းတွေ့ဆုံရုံမျှနှင့် အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု ထင်နေပုံရပေသည်။ ထိုသူများကို ညီလာခံလုပ်ဖို့ ခဏထား၊ ဘယ်သူတွေက ဘယ်တိုင်းရင်းသားလူမျိုးစုကို၊ ဘယ်ပါတီက နိုင်ငံရေးအင်အားစုကို ကိုယ်စားပြုမည်ဆိုသည်ကိုပင် သဘောတူညီမှုရအောင် ကြိုးစားကြည့်ပါဦးဟု အကြံပြုချင်သည်။

ယနေ့အခြေအနေသည် ၁၉၄၇ခုနှစ် ပင်လုံညီလာခံလို ဖဆပလနှင့် ရှမ်း၊ ကချင်၊ ချင်း တိုင်းရင်းသားခေါင်းဆောင်များသက်သက် တွေ့ဆုံဆွေးနွေးဆုံးဖြတ်၍ရသည့် အခြေအနေမဟုတ်တော့သည်ကို မြင်ဖို့လိုပါသည်။ ၁၉၄၇ ခုနှစ် ပင်လုံညီလာခံတွင် ပါဝင်ခွင့်မရခဲ့သည့် တိုင်းရင်းသားလူမျိုးစုများသည် ယနေ့အချိန်တွင် နိုင်ငံရေး၊ စီးပွားရေးအရ များစွာဖွံ့ဖြိုးတိုးတက်လာခဲ့ပြီဖြစ်သည်။ ထို့ပြင် အချို့ တိုင်းရင်းသားလူမျိုးစုများတွင် ယာယီငြိမ်းချမ်းရေး တည်ဆောက်ထားသော လက်နက်ကိုင်တပ်ဖွဲ့များရှိနေသကဲ့သို့ အချို့တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များမှာ နယ်ခြားစောင့်တပ်ဖွဲ့များအဖြစ် ပြောင်းလဲဖွဲ့စည်းပြီး တစ်ဖက်ကလည်း တရားဝင်နိုင်ငံရေးပါတီများ ထူထောင်ထားပြီးဖြစ်သည်။ တစ်ဖက်ကလည်း မိမိတို့သာ သက်ဆိုင်ရာ တိုင်းရင်းသားများကို ကိုယ်စားပြုသည်ဟု ပြောနေသည့် လက်နက်ကိုင်သောင်းကျန်းသူများ၊ ပြည်ပြေးအဖွဲ့အစည်းများလည်း ရှိသေးသည်။ နိုင်ငံရေးဘက်တွင်လည်း ၂၀၁၀ရွေးကောက်ပွဲတွင် ဥပဒေပြုလွှတ်တော်အဆင့်ဆင့်၌ အရွေးချယ်ခံထားရသည့် နိုင်ငံရေးပါတီများက ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များလည်း ရှိပြန်သည်။

ထို့ပြင် ၁၉၄၇ခုနှစ်က မိမိနိုင်ငံကို ကျွန်ပြုထားသည့် နယ်ချဲ့ဗြိတိသျှတို့ကိုသာ ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ သို့တိုင်အောင် ပင်လုံညီလာခံမတိုင်မီနှင့် ညီလာခံအတွင်း ဗြိတိသျှကိုယ်စားလှယ်များ ခြေရှုပ်မှုကြောင့် အခက်အခဲများစွာနှင့် ကြုံတွေ့ခဲ့ရသည်ကိုလည်းကောင်း၊ နောက်ဆုံး ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ပင်လျှင် စိတ်ပျက်ပြီး ရန်ကုန်ပြန်ရန် လေယာဉ်မှာသည်အထိ ဖြစ်ခဲ့ရသည်ကိုလည်းကောင်း ပင်လုံညီလာခံတွင် ကိုယ်တိုင်ပါဝင်ခဲ့သူများရေးသားသည့် စာအုပ်များတွင် တွေ့နိုင်ပါသည်။

> **အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်ကို လူတစ်ဦးက ဦးဆောင်ပြီး အဖွဲ့လေးငါးဖွဲ့ စုပေါင်းတွေ့ဆုံရုံမျှနှင့် အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု ထင်နေပုံရပေသည်။ ထိုသူများကို ညီလာခံလုပ်ဖို့ ခဏထား၊ ဘယ်သူတွေက ဘယ်တိုင်းရင်းသားလူမျိုးစုကို၊ ဘယ်ပါတီက နိုင်ငံရေးအင်အားစုကို ကိုယ်စားပြုမည်ဆိုသည်ကိုပင် သဘောတူညီမှုရအောင် ကြိုးစားကြည့်ပါဦးဟု အကြံပြုချင်သည်။**

ယနေ့အချိန်တွင်မူ ပထဝီနိုင်ငံရေးအခြေအနေသည် လွန်ခဲ့သည့် နှစ်ပေါင်းခြောက်ဆယ်ကျော်ကာလနှင့် များစွာကွာခြားခဲ့ပေပြီ။ အာရှဒေသတွင် ဗြိတိသျှတို့နေရာသို့ အစားထိုးဝင်လာသည့် အင်အားကြီးဇာတ်ကောင်သစ်တွေရှိလာနေပြီ။ အင်အားကြီးနိုင်ငံမဟုတ်သည့်တိုင် မြန်မာနိုင်ငံအရေးတွင် သူတို့၏ အမျိုးသားအကျိုးစီးပွားအရ ပါဝင်နေသည့်၊ ပါဝင်ရန်ကြိုးစားနေသည့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ အများအပြားရှိနေသည်။ ထိုအထဲတွင် ကောင်းသောရည်ရွယ်ချက်နှင့် ပါဝင်ချင်သူတွေရှိသလို မကောင်းသောရည်ရွယ်ချက်နှင့် ဝင်ရောက်စွက်ဖက်ချင်သူတွေလည်း ရှိသည်။ ထိုအခြေအနေမျိုးတွင် တစ်ယောက်တစ်ပေါက်နှင့် ညီလာခံတစ်ခု ကျင်းပမည်ဆိုလျှင် ထိုညီလာခံကို မိမိကိုယ်မိမိ သက်ဆိုင်ရာ တိုင်းရင်းသားကို ကိုယ်စားပြုသည်ဟု ထင်နေသမျှ လူအားလုံး၊ အဖွဲ့အားလုံးတက်ခိုင်းဆိုလျှင် ထိုညီလာခံမှ ဘာအကျိုးဆက်တွေ ဖြစ်လာမည်ကို စဉ်းစားရုံဖြင့် သိနိုင်ပါသည်။

ထို့ကြောင့် ဦးဆောင်နိုင်မည့် ခိုင်မာအင်အားကောင်းသည့် အဖွဲ့အစည်း၊ တိကျသည့် ကိုယ်စားလှယ်ရွေးချယ်မှု စနစ်များမရှိဘဲ တစ်ဦးတစ်ယောက်ကောင်းဖြင့် ညီလာခံတစ်ခုကျင်းပနိုင်မည်ဟု စဉ်းစားခြင်းမှာ ပကတိအရှိတရားနှင့် အင်မတန်အလှမ်းဝေးသော စိတ်ကူးယဉ်မှု သက်သက်သာဖြစ်သည်။ မိမိ အနေအထားကို လိုသည်ထက်ပိုတွက်ပြီး မိမိကိုယ်မိမိ အထင်ကြီးလွန်းနေခြင်းသာ ဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။ ၁၉၄၇ခုနှစ် ပင်လုံညီလာခံကျင်းပချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလအဖွဲ့ချုပ်သည် ဗြိတိသျှဘုရင်ခံ၏ အစိုးရအဖွဲ့တွင်ပါဝင်နေပြီး ကာကွယ်ရေးနှင့် နိုင်ငံခြားရေးမှအပ ကျန်အုပ်ချုပ်ရေးကိစ္စများတွင် လုပ်ပိုင်ခွင့်ရထားသည့်အပြင် မြန်မာ့လွတ်လပ်ရေးနှင့်ပတ်သက်လျှင် ဖဆပလနှင့်သာ ဆွေးနွေးရန် ဗြိတိသျှတို့က လက်ခံထားခြင်းကြောင့် ပင်လုံညီလာခံကို ဖဆပလက ဦးဆောင်ပြီး အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းဖြစ်သည် ဆိုသည်ကိုလည်း သတိရဖို့လိုပါသည်။

ထို့ကြောင့် ယနေ့နိုင်ငံတော်၏ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို ဦးဆောင်နေသည့် တပ်မတော်နှင့် ၂၀၁၀ရွေးကောက်ပွဲမှ ရွေးချယ်ခံနိုင်ငံရေးပါတီများ မပါဝင်သည့် ပင်လုံညီလာခံပုံစံ ညီလာခံကျင်းပမည် ဆိုသည့် အယူအဆသည် အပေါစားနိုင်ငံရေးစတန့်ထက် ပိုမည်မဟုတ်သည်ကို နားလည်ဖို့လိုပါသည်။ တပ်မတော်အနေဖြင့် ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးအတွက် လိုအပ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဘက်စုံထောင့်စုံမှ စဉ်းစားဆောင်ရွက်ခဲ့ရာ အတိုင်းအတာတစ်ခုထိ အောင်မြင်ခဲ့ပြီးဖြစ်သည်။ ထိုအချိန်တွင် တပ်မတော်မပါဝင်သည့် ပင်လုံညီလာခံပုံစံ ညီလာခံတစ်ခုကို စေတနာကောင်းဖြင့် ကျင်းပသည်ဆိုဦးတော့ ထိုညီလာခံသည် အစိုးရကို ဆန့်ကျင်နေသော၊ မူဝါဒလမ်းစဉ် (၇)ရပ်ပျက်ပြားအောင် လုပ်ဆောင်နေသော အဖွဲ့အစည်းများ၏ အသုံးချခံအဖြစ်သို့ ရောက်ရှိသွားမည်မှာ သေချာပေသည်။ ထိုသို့ဖြစ်လာလျှင်မူ ပေါ့စေလိုလို့ ကြောင်ရုပ်ထိုးကာမှ ဆေးအတွက်လေး ဆိုသကဲ့သို့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိခိုက်သည့်အဖြစ်သို့ ရောက်သွားပေလိမ့်မည်။

ထိုသို့ဆိုလျှင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ဘာမျှမလုပ်ရတော့ဘူးလားဟု မေးရန်ရှိပါသည်။ လုပ်ရန်နည်းလမ်းများ ရှိပါသည်။ ယခုဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသည့် လွှတ်တော်အဆင့်ဆင့်သည် ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်နိုင်မည့် နေရာများဖြစ်သည်။ လွှတ်တော်အသီးသီးတွင် ပြည်သူများက ရွေးချယ်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များရှိသည်။ ဘယ်သူက ဘယ်သူ့ကို ကိုယ်စားပြုသည်ကို ငြင်းခုံနေစရာမလို၊ သက်ဆိုင်ရာ မဲဆန္ဒနယ်က ပြည်သူများက သူတို့အကျိုးအတွက် မည်သူ့ကို တာဝန်ပေးမည်ကို ဆုံးဖြတ်ပေးခဲ့ပြီးဖြစ်သည်။ ထိုကိုယ်စားလှယ်များထဲတွင် တိုင်းရင်းသားတွေလည်းပါသည်။ ထို့ပြင် သီးခြားတိုင်းရင်းသား ကိုယ်စားလှယ်အဖြစ် အရွေးခံရသူတွေလည်းပါသည်။ နောက်ပြီး တပ်မတော်သားကိုယ်စားလှယ်တွေပါသည်။ ယနေ့ပြောနေသည့် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် တပ်မတော်တို့ တွေ့ဆုံရေးဆိုသည့်လုပ်ငန်းကို ထိုလွှတ်တော်အဆင့်ဆင့်တွင် လက်တွေ့ဆောင်ရွက်နိုင်ပြီဖြစ်သည်။ ဥပဒေပြုရေးရာများတွင် လက်တွဲဆောင်ရွက်ရင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုများကို တည်ဆောက်နိုင်ပါလိမ့်မည်။ ထိုအခြေခံဥပဒေထဲတွင် တိုင်းရင်းသားများ၏ အခွင့်အရေး၊ မိမိတို့ ဘာသာစကား ယဉ်ကျေးမှု စသည်တို့ကို ထိန်းသိမ်းဖော်ဆောင်နိုင်မည့် လွှတ်တော်၊ အစိုးရအဖွဲ့၊ ဥပဒေပြုခွင့်အာဏာတို့လည်း ပါပြီးဖြစ်သည်။ လွှတ်တော်ထဲတွင် အားလုံးလက်တွဲလုပ်ဆောင်ရင်း အားသာချက်များကို ပိုပြီးအားကောင်းအောင်၊ အားနည်းချက်များ တွေ့လာပါက ပြုပြင်နိုင်အောင် ဝိုင်းဝန်းကြိုးစားဖို့သာ လိုပါသည်။

ဥပဒေပြုလွှတ်တော်များသို့ ရွေးချယ်ခံရခြင်းမရှိသူများ၊ အဖွဲ့အစည်းများကရောဟု မေးလျှင် သူတို့တစ်တွေသည် အခြေခံဥပဒေက ပေးအပ်ထားသည့် နိုင်ငံသားများ၏ အခွင့်အရေးများနှင့်အညီ လွှတ်တော်ပြင်ပတွင် မိမိတို့၏အမြင်များကို ပြောဆိုတင်ပြနိုင်မည် ဖြစ်သည်။ မိမိတို့ မဲဆန္ဒနယ်က ကိုယ်စားလှယ်များကို အကြံပြုနိုင်ကြမည်ဖြစ်သည်။ မိမိတို့ အယူအဆ၊ အတွေးအမြင်များကို ပြည်သူတွေက ထောက်ခံသည်ဟု ယုံကြည်လျှင် နောက်တစ်ကြိမ် ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ပြီး လွှတ်တော်အတွင်း နိုင်ငံရေးကို လုပ်ဆောင်နိုင်ကြပါလိမ့်မည်။

ဤနည်းလမ်းသည်သာလျှင် လွှတ်တော်အတွင်းနှင့် လွှတ်တော်ပြင်ပရှိ နိုင်ငံရေးအင်အားစုများအနေဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် လုပ်ဆောင်နိုင်သည့် အကောင်းဆုံးနည်းလမ်းဖြစ်ပါသည်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးတွင် အားလုံးပါဝင်နိုင်မည့် အခွင့်အရေးလည်း ဖြစ်ပါသည်။ မိမိတို့ မျက်မှောက်ရှိ အကောင်းဆုံးနည်းလမ်းကို မရွေးဘဲ စိတ်ကူးယဉ်မှုသက်သက်ဖြင့် ဆောင်ရွက်ဖို့ ကြိုးစားလျှင်မူ အကျိုးထက် အပြစ်က ပိုများလိမ့်မည် ဆိုသည်ကို သတိပြုကြစေလိုပါသည်။ ။

■ *ရှေ့စာမှ*

ရှေးဦးစွာ ဝန်ကြီးဦးခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် Swiss Singapore Overseas Enterprises Pte., Ltd. မှ Chief Representative, Mr. PD က ကျေးဇူးတင်စကားပြောကြားသည်။

လက်မှတ်ရေးထိုး

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်း/ တံတားလုပ်ငန်းများအတွက်လိုအပ်သော ကတ္တရာ (၈၀/၁၀၀) အမျိုးအစား မက်ထရစ်တန် ၃၀၀၀၀အတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် Swiss Singapore Overseas Enterprises Pte., Ltd. မှ Chief Representative, Mr. PD တို့က ကတ္တရာဝယ်ယူရေးဆိုင်ရာ စာချုပ်တွင် နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးကြသည်။ ယခုချုပ်ဆိုသည့် စာချုပ်သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်း/ တံတားလုပ်ငန်းများအတွက်လိုအပ်သော ကတ္တရာ (၈၀/၁၀၀)အမျိုးအစား မက်ထရစ်တန် ၃၀၀၀၀ ကို Swiss Singapore Overseas Enterprises Pte., Ltd. ထံမှ ဝယ်ယူရန် ချုပ်ဆိုခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

International Tennis Federation(ITF) ၏ ခွင့်ပြုချက်အရ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲ၏ ဒုတိယပြိုင်ပွဲ (2nd Tournament) ဗိုလ်လုပွဲများကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပပြီးစီးသွားသည်။

ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲ၏ ပထမပြိုင်ပွဲ(1st Tournament) ပြိုင်ပွဲနှင့် ဒုတိယပြိုင်ပွဲ (2nd Tournament) ပြိုင်ပွဲများ ဆုချီးမြှင့်ပွဲအခမ်းအနား (Prize Awarding Ceremony & Farewell Dinner) ကို ည ၇ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Traders Hotel ၌ ကျင်းပသည်။

ဆက်လက်၍ ပထမပြိုင်ပွဲ (1st Tournament) တွင် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၌ ဒုတိယ DE SILVA KAVINDIYA နှင့် WADUGE NETHMIE(SRI) အတွဲ၊ ပထမ နီလာဝင်း(မြန်မာ)နှင့် AL-OLFISHAEMA (YEM) အတွဲတို့အားလည်းကောင်း၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ဒုတိယ အာကာကျော်နှင့် ဝင်းနိုင်ဦး (မြန်မာ) အတွဲ၊ ပထမ ALLAF KAREEM နှင့် AZHARI MOHAMMED (SYR) အတွဲတို့အား လည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတွင် တတိယ MOLLOGODA THISURI (SRI)၊ ဒုတိယရရှိသွားသော ANG GERALDINE (SIN) နှင့် ပထမ နီလာဝင်း(မြန်မာ) တို့အား လည်းကောင်း၊ အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲတွင် တတိယ HOSSAIN DELOWAR (BAN)၊ ဒုတိယ ONG ISAAC(SIN)နှင့် ပထမ AL-ANSI GHASSAN (YEM) တို့အား လည်းကောင်း တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ITF 14 & Under Asian Championships 2011 Group (2)တင်းနစ်ပြိုင်ပွဲ၏ ဒုတိယပြိုင်ပွဲ (2nd Tournament) အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲတွင် ဒုတိယ DELIZAVERNNE KAUR (MAS)၊ QURESHI IMAN-(PAK) အတွဲနှင့် ပထမ နီလာဝင်း (မြန်မာ)၊ AL- OLFI SHAEMA (YEM) အတွဲ၊ အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲတွင် ဒုတိယ ALLAF KAREEM၊ AZHARI MOHAMMAD (SYR) အတွဲနှင့် ပထမ AL-ANSI GHASSAN၊ THABIT SAMER (YEM) အတွဲ၊ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတွင် တတိယ SYAZLIN YUSRI YUS (MAS)၊ ဒုတိယ ANG GERADINE(SIN) နှင့် ပထမ နီလာဝင်း (မြန်မာ)တို့အား တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အမှတ်တရဂုဏ်ပြု

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် တတိယ ONGISAAC(SIN)၊ ဒုတိယ HOSSAIN DELOWAR (BAN)နှင့် ပထမ AL-ANSI GHASSAN (YEM) တို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသော နိုင်ငံကိုယ်စားပြု လူငယ်တင်းနစ်အသင်းခေါင်းဆောင်များအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်လိုက်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းက တင်းနစ်ပြိုင်ပွဲအတွက် ပံ့ပိုးကူညီပေးကြသော စီးပွားရေးလုပ်ငန်းရှင်များအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။ **(သတင်းစဉ်)**

STI မှ အောင်လက်မှတ်ပေးအပ်ပွဲနှင့် ပညာရေးဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

STI Education သည် နိုင်ငံတကာ အသိအမှတ်ပြု အောင်လက်မှတ်များ၊ ဒီပလိုမာ၊ အဆင့်မြင့် ဒီပလိုမာများနှင့် လုပ်ငန်းခွင်အရာရှိ အဆင့် ဒီပလိုမာသင်တန်းများကို ဘာသာရပ်နယ်ပယ် အသီးသီးဖြင့် သင်ကြားပေးလျက် ရှိသည်။ ယခုအခါ အင်္ဂလန်နိုင်ငံအခြေစိုက် London Teacher Training College (LTTC) မှ အင်္ဂလိပ်ဘာသာ ဆရာဖြစ် ဒီပလိုမာနှင့် အောင်လက်မှတ်သင်တန်းများ၊ Association of Managers and Administrator (AMA) နှင့် စင်ကာပူနိုင်ငံ အခြေစိုက် Queensfield Business School (QBS)၊ ဩစတြေးလျနိုင်ငံ အသိအမှတ်ပြုအောင်လက်မှတ်များဖြစ်သည့် စီးပွားရေး စီမံခန့်ခွဲမှု ဒီပလိုမာ သင်တန်းများ၊ ကုန်စည်စီးဆင်းမှုနှင့် ထုတ်လုပ်မှုဆိုင်ရာ ဒီပလိုမာ သင်တန်းများ၊ သတင်းအချက်အလက်နှင့် စီးပွားရေးဆိုင်ရာ ဒီပလိုမာသင်တန်းများနှင့် အခြားအောင်လက်မှတ်များကို အောင်မြင်ပြီးမြောက်သူများအား အောင်လက်မှတ်ချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ ကျင်းပမည်ဖြစ်ရာ အောင်လက်မှတ် ရယူမည့်သူများအား အသီးသီး ဖိတ်ကြားထားကြောင်းနှင့် ဖိတ်စာမရရှိသေးသူများသည် STI နှင့် ဆက်သွယ်ရန် ပန်ကြားထားကြောင်း သိရှိရသည်။

အဆိုပါ အခမ်းအနားတွင် STI ကျောင်းသားများ၏ အင်္ဂလိပ်စာစွမ်းရည်ကို ပြသမည့် Quizz များ၊ သီချင်းသီဆိုခြင်းများ ပါဝင်မည့်အပြင် ကျောင်းဆင်းသင်တန်းသား သင်တန်းသူများက ၎င်းတို့၏ အတွေ့အကြုံနှင့် အောင်မြင်မှုများကို ရင်းရင်းနှီးနှီး ဆွေးနွေးတင်ပြကြမည် ဖြစ်သည်။ အထူးသဖြင့် ကျောင်းသားဟောင်းများက မိမိတို့၏ hands- on- experiences များကို လက်တွေ့ ရှင်းပြမည်ဖြစ်သည့်အတွက် တက်ရောက်လာသူများက သိရှိလိုသည်များကို လွတ်လပ်စွာ မိမိတို့ ကျေနပ်လောက်သည့်အဆင့်အထိ အသေးစိတ်မေးမြန်း ဆွေးနွေးနိုင်တော့မည် ဖြစ်သည်။

ယင်းနေ့တွင် ဆွေးနွေးမည့်ဘာသာရပ်များမှာ Diploma in Logistics Management, Diploma in Supply Chain Management, Diploma in Business Management, Diploma in Business Information Systems, Diploma in TESOL, Certificate in TEFL, Certificate in TEYLT, Certificate in English Communication Skills, Certificate in English to Go, Adobe Certified Expert တို့ဖြစ်သည်။

ဆက်သွယ်နိုင်

အသေးစိတ် သိရှိလိုပါက STI Education တည်ရှိရာ အမှတ် ၃၇၇၊ ရွှေဘုံသာအထက်လမ်း ပန်းဘဲတန်းမြို့နယ်သို့လည်းကောင်း၊ အဆောင် ၄ အခန်း ၇ မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ်သို့လည်းကောင်း ဖုန်း- ၅၀၇၀၄၈၊ ၅၀၇၁၅၁၊ ၅၀၇၁၅၂၊ ၂၅၀၀၅၆ နှင့် ၇၀၀၂၇၃ တို့တွင် ကြိုတင်စာရင်းပေး ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၂

ဦးဝဏ္ဏအေးမင်း (ACA ပညာရိပ်ငြိမ်)သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ ဇန်နဝါရီ ၂၂ရက် နံနက်က ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် ၁၆ ၌ ၁၃၃ကိုက်အကွာမှ Nike One Platinum 3 ဘောလုံးကို Titleist AP2 Pitching Wedge တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဦးအုပ်စိုးပိုင် (Mother Trading Co.,Ltd.)၊ ဦးလွင်မောင်မောင် (Tiger သကြားစက်) တို့နှင့်အတူ ကစားလျက်ရှိကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မြဝတီရုပ်မြင်သံကြား

၃-၂-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၃	၂။	နိုင်ငံတော်သီချင်း
၇:၀၅	၃။	တရားတော်
၇:၂၀	၄။	ဓမ္မပူဇာတေး
၇:၂၅	၅။	မျိုးချစ်တပ်မတော်
၇:၄၀	၆။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၄၅	၇။	မြန်မာသံစဉ်ချိုနှားဝင်
၇:၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၁။	ဦးတည်ချက်(၁၂)ရပ်
၈:၁၃	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	နိုင်ငံတော်သီချင်း
၄:၁၀	၃။	အဖွင့်သီချင်း
၄:၁၅	၄။	မျိုးချစ်တပ်မတော်
၄:၂၀	၅။	ဗွီစီဒီကျော်ကြားတေး
၄:၂၅	၆။	မွေးမြူသုတ
၄:၄၀	၇။	မြန်မာသံစဉ် ချိုနှားဝင်
၄:၅၀	၈။	ရန်သူမီး
၄:၅၅	၉။	၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ)
၅:၂၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၂၅	၁၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၃၆)
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၂၀	၁၄။	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆:၄၅	၁၅။	ကာတွန်းအစီအစဉ် **ဆိုက်ကစ်ပါဝါ သူရဲကောင်းလေးများ** (အပိုင်း-၄၄)
၇:၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျှော်လင့်ခြင်းရောင်ခြည်** (အပိုင်း-၅)
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	နိုင်ငံတကာသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	အနုပညာရှင်၏တစ်နေ့တာ
	၂၁။	လျှပ်တစ်ပြက်
	၂၂။	ယနေ့ ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျဉ်းပြိုင်များ** (အပိုင်း-၄)
	၂၄။	ဂီတရင်ခုန်သံ

ဇန်နဝါရီ ၂၉ရက်က လှိုင်မြို့နယ် အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း၏ မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ကျင်းပရာ ပဥ္စမတန်းတွင် ပထမဆုနှင့် ငါးနှစ်ဆက်တိုက် ဆုရရှိသော မောင်ရဲမြတ်မောင်အား ဆရာမကြီး ဒေါ်ခင်ဌေးမော် ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းနင်းမိ၍ အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် မောတောင်ကျေးရွာနေ မောင်နေယုလှိုင်သည် အမဲပစ်ရန် တောလည်သွားစဉ် ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၂နာရီခန့်တွင် ရွာ၏အနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာ၌ KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိပြီး ညာခြေဖဝါးပြတ် ဒဏ်ရာရရှိခဲ့သည်။

အဆိုပါဒဏ်ရာရရှိသူအား ဇန်နဝါရီ ၃၀ ရက်တွင် မောတောင်ကျေးရွာနေ ဦးစိန်ဝင်းကတွေ့ရှိ၍ ရွာသို့ ပြန်လည်ခေါ်ဆောင်ခဲ့သဖြင့် နယ်မြေခံတပ်ရင်း စစ်ကြောင်းက လိုအပ်သောဆေးဝါးများဖြင့် ကုသပေးခဲ့သည်။ **(သတင်းစဉ်)**

ပညာ
ရွှေအိုး
လူမခိုး

မြဝတီခရိုင် မြဝတီမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း အောင်မြေရွှေဘုံ၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန် ဆုပေးပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲ အခမ်းအနားကို အဆိုပါကျောင်း ခန်းမ၌ ဒီဇင်ဘာ ၁၅ ရက်က ကျင်းပရာ အလှူရှင် ဦးကြာထွန်း-ဒေါ်ခင်သန်းစိန် ရွှေမန္တလေး မိသားစုတို့က သင်ထောက်ကူပြုပစ္စည်း၊ ၂၉ လက်မ တီဗွီတစ်လုံး နှင့် အီးဗွီဒီစက်တစ်လုံးကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာဆွေက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (၁၀၁)

အရှေ့ပိုင်းဒေသများ ညအပူချိန်လျော့နိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကရင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မွန်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၁ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ လားရှိုးမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ ပင်လောင်းမြို့နှင့် ကသာမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၃ရက် ညနေအထိခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

အမျိုးသမီးကိုင်အိတ်များထပ်မံရောက်ရှိပါပြီ

၅-၂-၂၀၁၁ ရက်နှင့် ၆-၂-၂၀၁၁ ရက်

နှစ်ရက်တည်းသာ

နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ

နေရာ-အမှတ် ၂၁၊ သစ္စာဥယျာဉ်လုံးချင်းအိမ်ရာ၊

(၈)ရပ်ကွက်၊ တောင်ဥက္ကလာပ၊

ဖုန်း-၅၆၁၃၇၅၊ ၀၉-၈၆၂၁၅၇၇။



ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မကန/၂၀၃၁ LONCIN 100 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူဦးတင်သောင်းဦး ၁/မကန(နိုင်)၀၃၆၃၉၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန (ပြည်နယ်ရုံး)၊ မြစ်ကြီးနားမြို့။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄/၂၂၇၃ ထော်လာဂျီ မော်တော်ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုလတ် ၁/တနန(နိုင်)၀၀၉၂၃၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန (ပြည်နယ်ရုံး)၊ မြစ်ကြီးနားမြို့။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂ (အိုင်)၊ မြေကွက်အမှတ် ၄၃၈G³/E² + ၄၃၈G³/D°A + ၄၃၈G³/E³A° ဧရိယာ ၀.၁၁၁၆၄၂ ဧက ကျယ်ဝန်းသော ဂရန်ရှိ မြေပိုင်မြေနှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များအားလုံး(၎င်းမြေကွက်သည် အမှတ် ၃၉KK၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်တွင် တည်ရှိပါသည်)ကို မြေကွက်ပိုင်ရှင် ဒေါ်နုနုလတ် ၁၂/ဒဂန (နိုင်)၀၁၇၉၂၄ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေသည် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အကျိုးသက်ဆိုင်သူ ဟူသမျှသည် ထိခိုက်နစ်နာရန်အကြောင်းရှိပါက ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း တရားဝင်အထောက်အထားဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်ရက်ကျော်လွန်လျှင် ဆက်လက်ပြီး အရောင်းအဝယ်ပြုလုပ်သွားမည် ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်အောင် B.A(Law), LL.B

တရားရုံးချုပ်ရှေ့နေ

အမှတ် ၆၇၊ လမ်း ၁၂၀၊ ရေတွင်းကုန်းရပ်ကွက်၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၆၆၇၀ Zong Shen 100 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင် ၉/မနမ(နိုင်)၀၉၅၈၁၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(ခရိုင်ရုံး)၊ မန္တလေးမြောက်ပိုင်း၊ မန္တလေးမြို့။

ကန့်ကွက်နိုင်ပါသည်

မိတ္ထီလာမြို့၊ ဝန်ဇင်းရပ်ကွက်၊ အကွက်အမှတ်(၁၅/န-ဝန်ဇင်း)၊ မြေကွက်အမှတ် (၃၃၇)၊ ဧရိယာ၀.၁၁၅မ၀၅၁ဧကရှိမြေကွက်အား ကျွန်ုပ်၏အမှုသည်များဖြစ်ကြသည့် ဒေါ်သန်းမြင့် ၉/မထလ(နိုင်)၀၂၇၆၁၉နှင့် ဒေါ်ခင်မာချို ၉/မထလ (နိုင်)၁၃၁၉၀၈ ကိုင်ဆောင်သူတို့က ဂရန်လျှောက်ထားလိုသည်ဖြစ်၍ ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဒေါ်သန်းမြင့်၊ ဒေါ်ခင်မာချိုတို့၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်တိုး(LL.B)

ဥပဒေအကျိုးဆောင်/အထက်တန်းရှေ့နေ(စဉ်-၂၂၄၄၀)

မိတ္ထီလာမြို့၊ ဖုန်း-၀၆၄-၂၅၀၀၄။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၆၈၂၁ ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင် ၉/ညဥန (နိုင်)၁၃၅၄၇၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(ခရိုင်ရုံး)၊ မြင်းခြံမြို့။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မတ်ပဲစိုက်တောင်သူများအား ထန်းတပင်၌ ပညာပေးဆွေးနွေး

ထန်းတပင် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဦးစီး၍ ထန်းတပင်မြို့ အမှတ် (၅) ရပ်ကွက် တောင်သူ ဦးထွန်းလှစိန်၏ မြေဧက ၂၀ ၌ စိုက်ပျိုးထားသော မတ်ပဲရေဆင်း(၂)စိုက်ခင်းတွင် ပန်းပွင့်ချိန်၌ ယူရီးယားလက်ချား ရောစပ်၍ စုပေါင်းပက်ဖျန်းခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဇော်ဝင်းအောင်နှင့် ဒုတိယဦးစီးမှူး ဦးမောင်မောင်သန်း၊ မြေစာရင်း ဦးစီးဌာနမှ ဦးစီးမှူး ဦးစိန်ညွန့်နှင့် ဝန်ထမ်းများ၊ ဒေသခံ မတ်ပဲစိုက်တောင်သူများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ်မန်နေဂျာ ဦးစန်းလွင်နှင့်ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေး

ဆက်လက်၍ ယူရီးယားလက်ချား ပက်ဖျန်းပွဲတွင် မြို့နယ်မန်နေဂျာ ဦးစန်းလွင်က မတ်ပဲသီးနှံ ပန်းဖြိုင်ဖြိုင်ပွင့်ချိန်တွင် (ဘိုရွန်) လက်ချားလိုက်ရန်လိုအပ်ခြင်း အကြောင်းရင်းများနှင့်တကွ ယူရီးယားနှင့် လက်ချားကို ရောစပ်ရမည့် နှုန်းထားများနှင့် တစ်ဧကလျှင် ငွေကျပ် ၁၃၀၀ သာ ကုန်ကျ၍ ကုန်ကျစရိတ်နည်းနည်းဖြင့် မတ်ပဲသီးနှံ အထွက်နှုန်းတိုးရန် ပက်ဖျန်းသင့်ကြောင်း ဆွေးနွေးပြီး ပညာပေးစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (၁၈၃)**

ဒေသဖွံ့ဖြိုးရေး အကျိုးပြုမည့် ခရိုင်ချင်းဆက် ကျောက်ဖရှာလယ်တံတား

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁

မော်လမြိုင်ကျွန်းမြို့နယ်၊ လပွတ္တာခရိုင်နှင့် ဖျာပုံခရိုင်တို့ကို ခရိုင်ချင်းဆက်သွယ်သော တာလမ်းမများအဖြစ် မော်လမြိုင်ကျွန်း-ကျိုက်ပိ-ကျောက်ဖ-ကျိုက်လတ် တာလမ်းမများကို ဆက်သွယ်ဖောက်လုပ်ထားပြီဖြစ်သည်။

ယင်းခရိုင်ချင်းဆက် တာလမ်းမများတွင် ကျောက်ဖ တူးမြောင်းထိပ်မှ ကျောက်ဖ- ရွှေလင်ပန်း- ဟသ်ာတစု ကျေးရွာအထိ ဆက်သွယ်သွားလာရာတွင် အရေးပါသော ပေ ၁၅၀ ရှိသည့်ကျောက်ဖချောင်းကူး ရှာလယ်တံတားကို ဆောက်လုပ်ရန် သုံးမြို့နယ်မှ ဒေသခံပြည်သူများက ကြိုးပမ်းလျက်ရှိသည်။

ဒေသဖွံ့ဖြိုးတိုးတက်

အဆိုပါ ကျောက်ဖရှာလယ်တံတားဆောက်လုပ်ပါက သုံးမြို့နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးမှာ မော်လမြိုင်ကျွန်းမြို့နယ်မှ ကျေးရွာ ၁၀ ရွာ၊ ဘိုကလေးမြို့နယ်မှ ကျေးရွာသုံးရွာနှင့် ကျိုက်လတ်မြို့နယ်မှ ကျေးရွာငါးရွာတို့၏ လမ်းပန်းဆက်သွယ်ရေး ပိုမို ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း သိရှိရသည်။ (၁၄၂)

တောင်ကြီးမြို့တွင် နို့စားနွားမွေးမြူရေးတိုးတက်

တောင်ကြီး ဖေဖော်ဝါရီ ၁

ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် နို့နှင့်နို့ထွက်ပစ္စည်း တိုးတက်ထုတ်လုပ်နိုင်ရေးကို ရည်ရွယ်၍ ၂၀၀၉ခုနှစ်နှင့် ၂၀၁၀ ခုနှစ်အတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်လေးဦးမှ စုစုပေါင်း ဖရီရှန်နို့စားနွားအကောင်ရေ ၂၅၀ ခန့်စတင် ဝယ်ယူ မွေးမြူလျက်ရှိသည်။

ထို့အပြင် ယခင်ရှိနှင့်ပြီးသော ဖရီရှန်နို့စားနွားမများအား မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တောင်ကြီးမြို့မှ ဂျာမနီမျိုးဖြင့် မေထုန်မဲ့သားစပ်ပေးလျက်ရှိသည်။ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် ဦးစိုင်းဝမ်း ပိုင် မျိုးသန့်ဖရီရှန်နို့စားနွားခြံမှ ၇၅ ရာခိုင်နှုန်း ဖရီရှန်နွားမကြီးကို ၁၀၀ ရာခိုင်နှုန်း ဂျာမနီမျိုးဖြင့် ၂၀၁၀ ခုနှစ် မတ်လတွင် သားစပ်ပေးခဲ့ရာ ဇန်နဝါရီ ၇ ရက်က ယင်းနွားမကြီးမှ ၈၇ ဒသမ ၅ ရာခိုင်နှုန်းအဆင့်ရှိ ဖရီရှန်နွားမလေး တစ်ကောင် မွေးဖွားခဲ့ကြောင်းနှင့် မွေးဖွားလာသော နွားလေး၏ အရောင်အသွေးသည် အဖြူအနီကျား ဖရီရှန်နွားမလေးဖြစ်ပြီး အဆိုပါနွားမကြီးနှင့် နွားမလေး၏ ကျန်းမာရေးကို ရှမ်းပြည်နယ် (တောင်ပိုင်း) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါက်တာဝင်းမြင့်နှင့် မြို့နယ်ဦးစီးမှူး ဒေါက်တာသက်နိုင်မိုးတို့ စောင့်ရှောက်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(ဝဲပုံ) (ပြည်နယ် တိ/မွေးကု)**

လွယ်ဂျယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မြို့ပြရေပေးရေးလုပ်ငန်းပြီးစီးမှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဗိုလ်နှင့်အဖွဲ့ ဒီဇင်ဘာ ၃ ရက်က ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးမိုင်းရင်နှင့် မြို့နယ်တာဝန်ခံ ဦးစောသီဟတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး ဗန်းမော်၌ ဟောပြော

ဗန်းမော် ဖေဖော်ဝါရီ ၁

ဧရာဝတီ လင်းပိုင်ထိန်းသိမ်းရေး၊ ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြောပွဲနှင့် ဆိုင်းဘုတ်စိုက်ထူခြင်းကို ဇန်နဝါရီ ၁၃ ရက်က မြစေတီကျေးရွာ၌ ကျင်းပရာ ငါးလုပ်ငန်းဦးစီးဌာနမှ ဦးဟန်ဝင်း ဦးဆောင်သော ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးအဖွဲ့၊ ဦးအောင်မျိုးချစ် ဦးဆောင်သော သားငှက်ထိန်းသိမ်းရေးအဖွဲ့နှင့် ဗန်းမော်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှဝန်ထမ်းများ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါအခမ်းအနားသို့ ငါးလုပ်ငန်းဦးစီးဌာနမှ ဧရာဝတီ လင်းပိုင်ထိန်းသိမ်းရေး ဝန်ထမ်းများ၊ ဗန်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဥက္ကာနှင့်အဖွဲ့၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ညွန့်မေနှင့် ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမောင်မောင်ညွန့်နှင့်အဖွဲ့၊ ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြသည်။ **(ငါးလုပ်ငန်းဦးစီးဌာန)**

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်စက်ရေတွင်းများကြံ့ခိုင်ရေး စစ်ဆေးလျက်ရှိရာ ဇန်နဝါရီ ၁၂ ရက်က ဝယ်သွန်ချောင်ကျေးရွာ စက်ရေတွင်းကြံ့ခိုင်မှုကို မြို့နယ်စည်ပင် အမှုဆောင်အရာရှိ စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြု



တပ်မတော် မပါဝင်သည့် ပင်လုံညီလာခံပုံစံ ညီလာခံ တစ်ခုကို စေတနာကောင်းဖြင့် ကျင်းပသည်ဆိုဦးတော့ ထိုညီလာခံသည် အစိုးရကို ဆန့်ကျင်နေသော၊ မူဝါဒ လမ်းစဉ် (၇)ရပ် ပျက်ပြားအောင် လုပ်ဆောင်နေသော အဖွဲ့အစည်းများ၏ အသုံးချခံ အဖြစ်သို့ ရောက်ရှိသွားမည်မှာ သေချာပေသည်။

ဗညားအောင်၏ ဆောင်းပါး စာ- ၈၊ ၉၊ ၁၀

❖ ပြည်ထောင်စုစိတ်ဓာတ် — သုန်နဒီ၏ ကာတွန်း စာ-၉

❖ ပြည်ထောင်စုပွဲ နွှဲစို့ပျော်ပျော် — ခွန်ရဲသွေး(အေးသာယာ)၏ ကဗျာ စာ-၉

မြန်မာ့အလင်း သဘာဝဘေးအန္တရာယ် ဖော်ပိတ်သတင်း

ယာစီမုန်တိုင်း ကွင်းစလန်းပြည်နယ်သို့ ဝင်ရောက် တစ်နာရီ ကီလိုမီတာ ၃၀၀ နှုန်းဖြင့် တိုက်ခတ်

➤ မြင့်မောင်စိုး – ရေးသားသည် ➤

ကွင်းစလန်း ဖေဖော်ဝါရီ ၂

အလွန်အင်အားပြင်းထန်သော ယာစီအမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းကြီးသည် ဖေဖော်ဝါရီ ၂ ရက် ညနေပိုင်းတွင် ဩစတြေးလျနိုင်ငံ အရှေ့မြောက်ပိုင်း ကွင်းစလန်းပြည်နယ်သို့ ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားလိုက်သည်။

မုန်တိုင်းအမျိုးအစား အဆင့် ၅ ရှိ ယာစီဆိုင်ကလုန်းမုန်တိုင်းကြီးသည် ကွင်းစလန်းပြည်နယ် ကမ်းရိုးတန်းဒေသများမှတစ်ဆင့် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ခဲ့ရာ အဆောက်အအုံများ၏အောက်ခြေ တိုင်များ၊ အုတ်မြစ်များကျွတ်ကာ ပြိုလဲကုန်ကြကြောင်း၊ လျှပ်စစ်မီးများလည်း ပြတ်တောက်ခဲ့ကြောင်း ဌာနဆိုင်ရာအာဏာပိုင်များက ထုတ်ပြန်ကြေညာလိုက်သည်။ စာမျက်နှာ ၇ ကော်လံ ၃ ✳



ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်သို့ အင်အားအလွန်ပြင်းသည့် ယာစီဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်သည်ကို ဖေဖော်ဝါရီ ၂ ရက်က တွေ့ရစဉ်။ (ဂြိုဟ်တုဓာတ်ပုံ)

3-2 (20).pmd 1 2/3/2011, 1:50 AM